# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၈)ရက် ၊ စနေနေ့ ၊ (5-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

နေပြည်တော် ဧပြီ ၄

ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E.Ms.Paetongtarm Shinawatra က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၅ ရက်
အယ်ဒီတာ့အာဘော်

# ငလျင်ဒဏ်ခံနေရသောပြည်သူများကို မြန်မာစိတ်မွေး၍ကူညီပါ

မြန်မာနိုင်ငံ၌ ယခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်နှင့် နောက်ဆက်တွဲငလျင်များ လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် ငလျင်ဒဏ် သင့်ခဲ့ရသည်။ ငလျင်ဒဏ်သင့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိရန် လိုပေသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြား လက်နက်ကိုင်အဖွဲ့များအနေဖြင့် မြန်မာစိတ်မွေး၍အကူအညီပေးရန် လိုအပ်ပေသည်။

မတ် ၂၈ ရက်၌ ဖြစ်ပေါ်ခဲ့သည့် အလွန်ပြင်းထန်သောမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် နိုင်ငံတကာမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြစ်သည့် တရုတ်နိုင်ငံ(ယူနန်)မှ အဖွဲ့ဝင် ၃၇ဦး၊ စင်ကာပူနိုင်ငံမှ အဖွဲ့ဝင် ၈၉ ဦး၊ ထိုင်းနိုင်ငံမှ အဖွဲ့ဝင်ဦးရေ ၅၀၊ ဗီယက်နမ်နိုင်ငံမှ အဖွဲ့ဝင် ၁၀၆ ဦး၊ တူကီယဲနိုင်ငံမှ အဖွဲ့ဝင်ရှစ်ဦးတို့ဖြင့် ပူးပေါင်း၍ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အလားတူ မန္တလေးတိုင်းဒေသကြီးတွင် ရုရှားနိုင်ငံမှ အဖွဲ့ဝင် ၁၆၇ ဦး၊ တရုတ်နိုင်ငံ(ပေကျင်း)မှ အဖွဲ့ဝင် ၈၄ ဦး၊ တရုတ်နိုင်ငံ Blue Sky Rescue Team မှ အဖွဲ့ဝင် ၁၁၆ ဦး၊ တရုတ်နိုင်ငံ(ဟောင်ကောင်) မှ အဖွဲ့ဝင် ၅၁ ဦး၊ အိန္ဒိယနိုင်ငံမှ အဖွဲ့ဝင်ဦးရေ ၈၀ တို့နှင့်ပူးပေါင်း၍လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မလေးရှားနိုင်ငံမှ အဖွဲ့ဝင်ဦးရေ ၅၀ နှင့် ပူးပေါင်း၍လည်း ကောင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပေသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကို စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်ထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလအဖြစ် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်လိုက်သည်။

ယာယီပစ်ခတ်တိုက်ခိုက်မှုထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့်ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့်အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကိုမပြုရန်နှင့် ထိုကဲ့သို့ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီများနှင့်အတူ နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအတွက် လုံခြုံမှုရှိစေရန်နှင့် ငလျင်ဒဏ်သင့်ပြည်သူများ စိတ်အေးချမ်းစွာသွားလာနေထိုင်နိုင်စေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မြန်မာစိတ်မွေး၍ တတ်စွမ်းသရွေ့ ပါဝင်ကူညီကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း အုန်းသီးအနုအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဒေသထွက် အုန်းသီးအနုအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက အုန်းသီးအနုအလုံးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း အုန်းသီးအနုအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်ကနေ ထွက်ရှိတဲ့ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က မတ်လထဲမှာ အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ မတ်လထဲမှာ အုန်းသီးအနုအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဧပြီထဲမှာလဲ အုန်းသီးအနုတွေဝယ်ယူမှု အားကောင်းနေပါတယ်"ဟု ဒေါ်ရီရီထွန်းက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံလုပ်ငန်းရှင်များ၊ အုန်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း၊ အဆိုပါ အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန့်ဆည်မြို့နယ်တွင် ဆောင်းနေကြာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၅ ဒသမ ၃ တင်း ထွက်ရှိ



**ရေဦး ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၅ ဒသမ ၃ တင်း ထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၅ ဒသမ ၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ နေကြာ ၃၁၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်မည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မာရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် နေကြာသီးနှံ စိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခဲ့ကြကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကွင်းဆင်းစစ်ဆေး

**မလှိုင် ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဝါးခွကျေးရွာအုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဧပြီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၃၁ ဒသမ ၈ သန်းကို ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်တွင်းကြီးမြို့နယ် ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု စစ်ဆေး

**တောင်တွင်းကြီး ဧပြီ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဧပြီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများနှင့် အခြား စီးပွားရေးလုပ်ငန်းများဆောင်ရွက် ထားရှိမှုအခြေအနေများ၊ ချေးငွေ စာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ၊ စာရင်းဇယားများဆောင်ရွက်ထား ရှိမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ်သိန်း ၂၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**နွဲ့ယဉ်**



မန္တလေး ပြည်ကြီးတံခွန် မြို့နယ် ၅၄ လမ်းနှင့် ၁၂၅ လမ်းထောင့်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ထရန်စဖော်မာကို ပြည်ကြီးတံခွန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများက ဧပြီ ၄ ရက်တွင် အစားထိုးတပ်ဆင်နေမှုကို တွေ့ရစဉ်။ (၁၅၂)

# ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၆၂ တင်းထွက်ရှိ



**ယင်းမာပင် ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၂ တင်းထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၈၁၁၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းဧက ၁၈၁၁၀ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းရိတ်သိမ်း ပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၆၁၀၀၊ ကနီမြို့နယ်တွင် ဧက ၇၈၀၀၊ ပုလဲမြို့နယ်တွင် ဧက ၈၇၀၀ စုစုပေါင်း ဧက ၁၈၁၁၀ ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည် ဖြစ်သည့်အပြင် လူမှုစီးပွားဘဝ များလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရ မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် သံပုရာကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဧပြီ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သံပုရာကိုင်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သံပုရာကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၃၂၅ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၆၈ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ရန်ပုံငွေကျပ်သိန်း ၅၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ငွေကျပ် ၅၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးခေါင်းပွ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ငါးခေါင်းပွ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ငါးခေါင်းပွ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ ငါးခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

"ပန်းတနော်မြို့နယ်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကထား တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ မတ်လ ပထမပတ်လောက်ကစပြီး ငါးခေါင်းပွတွေ အရောင်းအဝယ် ကောင်းမွန်ခဲ့တာ ဖြစ်ပါတယ်" ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံများအနေဖြင့် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ပန်းတနော်မြို့နယ်မှ ဒေသထွက် ငါးခေါင်းပွများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းအများအပြား ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကမ္ဘာ့ကျောက်ချပ်လွှာများ၊ စစ်ကိုင်းပြတ်ရွေ့နှင့် မြန်မာ့ငလျင် (အပိုင်း-၁)

**ပါမောက္ခကိုကိုအောင်**

ဤကမ္ဘာမြေကြီးသည် အက်ပြီးမကွဲသေးသော ကြက်ဥ ပမာပင်ဖြစ်သည်။ အက်ကြောင်းများကြောင့် ပြတ်ထွက်နေသော်လည်း အကာပိုင်းရှိ အကျိုးအချွဲများနှင့်ကပ်ငြိနေသည့်အတွက် ဝေးရာသို့ကွဲကွာသွားခြင်းမရှိသော ကြက်ဥအခွံကွဲစကလေးများနှင့် သဏ္ဌာန်တူသည့် ကျောက်ချပ်လွှာကြီးများပေါ်၌ ကမ္ဘာ့တိုက်ကြီးများက ပေါလောမျောလျက်တည်ရှိနေကြသည်။ ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို ကျောက်ချပ်လွှာအစုအဖွဲ့ပေါင်း ၂၀ ခန့်ဖြင့် ဖွဲ့စည်းထားသည်။ ၎င်းကျောက်ချပ်လွှာကြီးများသည် တစ်ခါတစ်ရံ တစ်ခုနှင့်တစ်ခု တွန်းတိုက်မိကြသလို တစ်ခါတစ်ရံ၌မူ တစ်နေရာဆီသို့ ကွဲထွက်သွားလေ့ရှိကြသည်။ ကျောက်ချပ်လွှာကြီးများ ရွေ့လျားကြသည့်အခါ ကမ္ဘာ့တိုက်ကြီးများကလည်း ၎င်းတို့နှင့်အတူ လိုက်ပါရွေ့လျားရင်း တည်နေရာနှင့် တည်နေပုံများက အခါအားလျော်စွာပြောင်းလဲနေကြရသည်။

ကမ္ဘာမြေ၏ နက်ရှိုင်းသောအတွင်းပိုင်းရှိ ပူလောင်နေသည့် ကျောက်ချော်ရည်များသည် မြင့်မားသောဖိအားနှင့် တွန်းကန်မှုတို့ကြောင့် ကမ္ဘာ့မျက်နှာပြင်အခွံပိုင်းသို့ တိုးထွက်ရောက်ရှိလာခြင်းဖြင့် အခွံလွှာအသစ်ကို ဖြစ်ပေါ်လာစေသည်။ အသစ်ဖြစ်ပေါ်လာသည့် အခွံလွှာ၏အောက်သို့ ရောက်ရှိသွားသော မူလအခွံဟောင်းမှာ အလွန်ပူလောင်နေသည့် အတွင်းပိုင်းထိတိုင် ကျရောက်သွားပြီး အရည်ပျော်သွားကြသည်။ ဤနည်းအားဖြင့် ကမ္ဘာ့မြေမျက်နှာပြင် အခွံပိုင်းသည် အမြဲတမ်းပြောင်းလဲလျက်ရှိနေသည်။

ရှေးခေတ်ပထဝီပညာရှင်တို့က သမုဒ္ဒရာကြမ်းပြင်ဟူသည်မှာ ကုန်းမြေတိုက်ကြီးများ၏ အနိမ့်ပိုင်းနေရာများဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ အကယ်စင်စစ်အားဖြင့် သမုဒ္ဒရာကြမ်းပြင်များတည်ရှိသော ကျောက်ချပ်လွှာကြီးများနှင့် ကမ္ဘာ့တိုက်ကြီးများတည်ရှိနေသည့် ကျောက်ချပ်လွှာကြီးများမှာ တစ်ဆက်တစ်စပ်တည်းမဟုတ်သလို မြေလွှာတစ်မျိုးတည်းဖြင့် ဖွဲ့စည်းထားခြင်းလည်းမဟုတ်ပေ။ ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို နှမ်းဖတ်ကျောက်နှင့်တူသော ဆီလီကွန်နှင့် အလူမီနီယံတို့ရောနှောနေသည့်ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး သမုဒ္ဒရာကြမ်းပြင်များကိုမူ ဆီလီကွန်နှင့်မဂ္ဂနီဆီယမ်တို့ရောနှောနေသည့် Basalt ခေါ် မီးတောင်ချော်နက်ကျောက်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ကမ္ဘာ့တိုက်ကြီးများ၏ ကျောက်သားမြေလွှာများသည် ၎င်းတို့ထက် ပို၍လေးလံမာကြောသော သမုဒ္ဒရာကြမ်းပြင်မီးတောင်ချော်နက်ကျောက်များ၏ အပေါ်၌ တည်ရှိနေကြသည်။ ကမ္ဘာမြေ၏ နက်ရှိုင်းသောအတွင်းပိုင်းတွင် အလွန်ပူလောင်ပြီး အရည်ပျော်နေသည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် သမုဒ္ဒရာကြမ်းပြင်ကွဲထွက်ရာ အက်ကြောင်းများမှတစ်ဆင့် တိုးထွက်လာပြီး အပေါ်ယံသို့ရောက်ရှိသည့်အခါ အေး၍မာကြောသွားကြပြီး သမုဒ္ဒရာကြမ်းပြင်အသစ်ကိုဖြစ်ပေါ်လာစေသည်။ သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်သည် အက်ကွဲကြောင်း၏တစ်ဖက်တစ်ချက်ဆီသို့ ရွေ့လျားလျက်ရှိနေသည်။ သို့ရာတွင် ရွေ့လျားနှုန်းက အလွန်နှေးကာ တစ်နှစ်တာအတွင်း စင်တီမီတာအနည်းငယ်မျှသာ ခရီးပေါက်ရောက်သည်။ ထိုကဲ့သို့ ရွေ့လျားနေကြရင်း ကမ္ဘာ့တိုက်ကြီးများ၏အစွန်းသို့ ရောက်ရှိလာ



သည့်အခါ ပိတ်ဆို့ခံရသကဲ့သို့ဖြစ်ပြီး တိုက်ကြီးများ၏အောက်သို့ ဝင်ရောက်ကျဆင်းသွားသည်။ နက်ရှိုင်းသည့်အတွင်းပိုင်းသို့အရောက်တွင် ပြင်းထန်လွန်းသောအပူရှိန်ကြောင့် အရည်ပျော်သွားတော့သည်။ ဤနည်းအားဖြင့် သမုဒ္ဒရာကြမ်းပြင်တို့သည်လည်း အမြဲတမ်းဆိုသလို အသစ်နှင့်အဟောင်း လဲလှယ်ဖြစ်ပေါ်လျက်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ကျောက်ချပ်လွှာကြီးများ၏ရွေ့လျားမှုကြောင့် ကွဲထွက်ရာမှ အက်ကြောင်းများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့ဒေသအနှံ့တွင် လှုပ်ခတ်ခဲ့သောငလျင်များ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ ပြတ်ရွေ့ကြောင်း(Fault)ဟုခေါ်ဆိုကြသော အဆိုပါအက်ကွဲကြောင်းတစ်လျှောက်နှင့် အနီးတစ်ဝိုက်၌ဖြစ်ပေါ်ခဲ့ကြသည်။ နက်ရှိုင်းသောအတွင်းပိုင်းရှိ အလွန်ပူလောင်သောကျောက်ချော်ရည်များသည် ဖိအားကြောင့် ပြင်းထန်စွာပေါက်ကွဲပြီး သမုဒ္ဒရာရေပြင်အောက်တောင်တန်းများထိ ရောက်ရှိသော ၎င်းအက်ကွဲကြောင်းများမှတစ်ဆင့် အပြင်သို့ တိုးထွက်လာကြကာ ကျောက်ချပ်လွှာများကို တွန်းတိုက်ရွေ့လျားစေခြင်းဖြင့် ပြင်းထန်သောလျင်များကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာပေါ်ရှိ ပြတ်ရွေ့ကြောင်းကြီးများအနက် San Andreas Fault သည် အလွန်ထင်ရှားသော ကမ္ဘာသိပြတ်ရွေ့ကြောင်းကြီးဖြစ်သည်။ ၎င်းပြတ်ရွေ့ကြောင်းသည် အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းခြေရှိ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌ တည်ရှိသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကြီးက ကျောက်ချပ်လွှာကြီးနှစ်ခုပေါ် ခွလျက်တည်ရှိနေသည်။ ပစိဖိတ်ကျောက်ချပ်လွှာကြီးပေါ်၌ တစ်စိတ်တစ်ပိုင်းတည်ရှိနေပြီး မြောက်အမေရိက ကျောက်ချပ်လွှာကြီးပေါ်၌ ကျန်အစိတ်အပိုင်းက တည်ရှိနေသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကို ဆန်အန်းဒရီးစ်(San Andreas)ပြတ်ရွေ့ကြောင်းကြီးက ပိုင်းခြားထားလျက်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ်၏ တစ်စိတ်တစ်ပိုင်းတည်ရှိရာနေရာဖြစ်သော ပစိဖိတ်ကျောက်ချပ်လွှာကြီးက အနောက်မြောက်ဘက်သို့ ရွေ့လျားနေစဉ် ကျန်တစ်စိတ်တစ်ပိုင်းတည်ရှိနေသော မြောက်အမေရိကကျောက်ချပ်လွှာကြီးက ဆန့်ကျင်ဘက်အရပ်ဖြစ်သော အရှေ့တောင်ဘက်သို့ ရွေ့လျားလျက်ရှိနေသည်။ ထို့ကြောင့်ပင်လျှင် ကျောက်ချပ်လွှာကြီးနှစ်ခု၏ဆုံရာဖြစ်သော ဆန်အန်းဒရီးစ်ပြတ်ရွေ့ကြောင်းကြီးတစ်လျှောက်နှင့် အနီးတစ်ဝိုက်တွင် ငလျင်ကြီးများဖြစ်ပေါ်လေ့ရှိသည်။ **သာဓကအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၉၄ ခုနှစ်က အလွန်ပြင်းထန်သောငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ဆန်အန်းဒရီးစ်ပြတ်ရွေ့ကြောင်းကြီးမှ ကီလိုမီတာ ၅၀ ခန့်သာကွာဝေးသလို မြို့ပတ်ဝန်းကျင်၌လည်း သေးငယ်သောပြတ်ရွေ့ကြောင်းများ အများအပြားတည်ရှိနေသည်။ ၁၉၉၄ ခုနှစ် ငလျင်ကြီးသည် ထိုပြတ်ရွေ့ကြောင်းငယ်ကလေးများထဲမှ ပြတ်ရွေ့ကြောင်းတစ်ခုကို ဗဟိုပြုခဲ့ခြင်းဖြစ်သည်။** အလားတူပင် ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြီးသည်လည်း ပြတ်ရွေ့ကြောင်းများနှင့်နီးကပ်သောနေရာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါငလျင်ကြီးက မြို့တော် Tokyo နှင့် Yokohama ဆိပ်ကမ်းမြို့တို့ကို ဆိုးဆိုးရွားရွားပျက်စီးစေခဲ့သည်။

**ကမ္ဘာပေါ်၌ ထင်ရှားသောပြတ်ရွေ့ကြောင်းများအနက် မြန်မာနိုင်ငံထဲရှိ ကီလိုမီတာ ၁၂၀၀ ရှည်လျားသည့် စစ်ကိုင်းပြတ်ရွေ့ကြောင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်း (Sagaing Fault) သည် ဆန်းဒါးကျောက်ချပ်လွှာနှင့် အိန္ဒိယကျောက်ချပ်လွှာကြား၌ သဘာဝအလျောက်ဖြစ်ပေါ်တည်ရှိနေသော ဧရာမပြတ်ရွေ့ကြောင်းကြီးဖြစ်ပြီး မန္တလေး၊ ရမည်းသင်း၊ ပျဉ်းမနား၊ နေပြည်တော်၊ တောင်ငူနှင့် ပဲခူးဒေသတို့ကို ဖြတ်သန်းလျက်တည်ရှိနေသည်။** ကပ္ပလီပင်လယ်ပြင်မှသည် မြန်မာနိုင်ငံအလယ်ပိုင်းထိ တောင်မြောက်ယွန်းယွန်းဖြောင့်တန်းစွာတည်ရှိနေသော စစ်ကိုင်းပြတ်ရွေ့ကြောင်းကို ၎င်း၏ အရှေ့ဘက်၌ ကပ်လျက်တည်ရှိနေသော ရှမ်းပြတ်ရွေ့ကြောင်းနှင့် နှိုင်းယှဉ်လေ့လာပါက ပြတ်ရွေ့ကြောင်းတစ်လျှောက်၌ တောင်ကုန်း၊ တောင်တန်းထူထပ်မှုနည်းပါးပြီး မြေပြန့်ဒေသက အများစုဖြစ်နေသည်ကို တွေ့ရှိရသည်။

အိန္ဒိယနှင့် ဆန်းဒါးကျောက်ချပ်လွှာကြီးနှစ်ခုကြား ရွေ့လျားနှုန်းက တစ်နှစ်လျှင် ၃၅ မီလီမီတာခန့်ဖြစ်ပြီး အဆိုပါရွေ့လျားမှုအတိုင်းအတာ၏ ထက်ဝက်ခန့်ဖြစ်သော ၁၈ မီလီမီတာခန့်အရွေ့မှာ စစ်ကိုင်းပြတ်ရွေ့ကြောင်း၌ ဖြစ်ပေါ်နေသည်ကို ဂြိုဟ်တုမြေပုံများ၌ လေ့လာတွေ့ရှိရသည်။ **စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးတည်ရှိနေသော Burma Microplate က အရှေ့မြောက်သို့ဦးတည်ရွေ့လျားနေစဉ်၌ ရှမ်းပြတ်ရွေ့ကြောင်းတည်ရှိနေသော Eurasia Plate က အရှေ့တောင်ဆီသို့ ဦးတည်ရွေ့လျားရင်း ပွတ်တိုက်မှုကြောင့် ငလျင်များပေါ်ပေါက်လာခြင်းဖြစ်သည်။** ကျောက်ချပ်လွှာများ၏ ပွတ်တိုက်မှုသက်ရောက်အားအနည်းအများအတိုင်းအဆမှာ မြေပြင်ပေါ်၌ လှုပ်ခတ်သော ငလျင်၏ ပြင်းအားဖြစ်လာရသည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အလျားထက်ဝက်ကျော်မှာ မြန်မာနိုင်ငံ၌ ငလျင်များကိုဖြစ်ပေါ်စေခဲ့သည့်အကြောင်းရင်းများထဲတွင် ပါဝင်ပတ်သက်ခဲ့ကြသည်။

# ကလေးမြို့နယ်တွင် ကုလားပဲ ၄၀၄၁ ဧက ထိ ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၇ ဒသမ ၄၈ တင်း ထွက်ရှိ

**ကလေး ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ကုလားပဲ ၄၀၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၀၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၅၃ တင်းထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၉၈၃၁ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီ ကုလားပဲခင်းတွေ လက်ရှိ ရိတ်သိမ်းနေပြီး ဒီနေ့ထိ ၄၀၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်၊ သီးညှပ်လည်း စိုက်ပျိုးသည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုး



တိုးတက်လာမည် ဖြစ်သောကြောင့် မြို့နယ် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းရမည်ဖြစ်ကြောင်း ကလေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံနေကြာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၂၆ ဒသမ ၅၂ တင်းထွက်ရှိ



**ပွင့်ဖြူ မေ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာသီးနှံ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၆ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၀၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံနေကြာတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နေကြာသီးနှံကို ပြည်တွင်းစားသုံးဆီဖူလုံစေဖို့နဲ့ ပြည်ပက စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် နေကြာတွေ ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်ကြဖို့တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာသီးနှံက အခြားဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပန်းနှမ်းတို့ထက် ဆီထွက်ရှိမှု ပိုမိုများပါတယ်။ စိုက်ပျိုးစရိတ်အရင်းအနှီးလဲ အကုန်အကျ သက်သာတဲ့အတွက် နေကြာစိုက်တောင်သူတွေအတွက် သီးနှံဝင်ငွေအကျိုးအမြတ်လဲ ပိုမိုရရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အရည်အသွေးပြည့်ဝသောသီးနှံများထွက်ရှိရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးတန်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးတန်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ငါးတန်များအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ငါးတန်ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးတန်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မတ်လအတွင်း ငါးတန်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ရန်ကုန်ဈေးကွက်က မတ်လအတွင်းကော အခုလက်ရှိမှာပါ ရေထွက်ကုန်တွေ မှာယူမှုများနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## အားငယ်သူ ဖေးကူကြစို့

- ပြည်မြန်မာ သဘာဝဘေး
ကြုံရသေး သည်အချိန်အခါ၊
အားငယ်သူ ဖေးကူမလို့
ကူညီကြတာ၊
လျှောင်ဘေးသင့် ပြည်သူမှာ
အားတက်လာ ရွှင်လန်းရေး၊
အဆိုးတွေ ကွယ်ကာပျောက်အောင်
ထောက်ကူလို့ပေး။

- အချိန်ခါ ကြိုမသိ
သတိနှင့် နေကြမယ်၊
ဘေးအန္တရာယ် ကြုံကာတွေ့
မမေ့စေဖွယ်၊
ရှာဖွေလို့ ကယ်ဆယ်
အားမငယ် စိတ်ကိုတင်း၊
ကူညီကာ စောင့်ရှောက်ပေးလို့
နွေးထွေးလေခြင်း။

- အခက်အခဲတွေ ကျော်ကာဖြတ်
မေတ္တာဓာတ် ရင်ထဲတွင်၊
စေတနာရှင် လူသားများ
အားကိုးဖွယ်ပင်၊
လှူဒါန်းမှု တွေးကြည့်လျှင်
ဘဝင်မှာ အမြင်မှန်းလို့၊
ကြည်နူးကာ ရွှန်းပီတိနဲ့
ကြည့်ကြစေဖို့။

- မဖိတ်မခေါ် သူလာရောက်
အံ့လောက်သည့် ညှော့သည်အသွင်၊
ဖျက်အားမှာ လွန်ထန်ပြင်း
ရင်တွင်းနာကျင်၊
ဆိုးလိုက်သည့် သည်ဖြစ်စဉ်
အိမ်ရှင်ကို သူရက်စက်၊
မမေ့နိုင်စရာ လူ့နှလုံး
အပြုံးတွေပျက်။

- နှစ်တစ်ရာမှာ အဆိုးဆုံး
စိတ်နှလုံးမရွှင်သာ၊
မြေငလျင် လှုပ်ခတ်ပြု
ဆုံးရှုံးမှုပါ၊
ပြည်တွင်းပြည်ပ စေတနာ
မေတ္တာမှာ ကြည်လင်အေး၊
မနှေးအမြန် ကူညီမှုကို
ဂုဏ်ပြုတယ်လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# နိုင်ငံတကာ သတင်းများ

## သမ္မတယွန်းဆွတ်ယိုးကို တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံတရားရုံးက ရာထူးမှ ဖယ်ရှား

**ဆိုးလ် ဧပြီ ၄**

လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုနှင့် ရင်ဆိုင်နေရသော သမ္မတယွန်းဆွတ်ယိုးကို တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံတရားရုံးက ယနေ့တွင် သမ္မတရာထူးမှ ဖယ်ရှားခဲ့ကြောင်း သိရသည်။

သမ္မတယွန်းဆွတ်ယိုးအနေဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃ ရက်က စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာပြဋ္ဌာန်းခဲ့ခြင်းဖြင့် သမ္မတတစ်ဦး၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ခဲ့သလို ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျော်လွန်လုပ်ဆောင်ခဲ့ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံး စီရင်ချက်၌ ဖော်ပြထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက သမ္မတ ယွန်းဆွတ်ယိုးကို ရာထူးမှဖယ်ရှားရန် ဆုံးဖြတ်ခဲ့မှုကြောင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း သမ္မတရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် အတိုက်အခံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် လီမြောင်ဘတ်က အနိုင်ရရှိနိုင်ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက သမ္မတယွန်းဆွတ်ယိုးကို ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် ဝန်ကြီးချုပ် ဟန်ဒက်ဆိုးလ်က သမ္မတသစ်တစ်ဦး ရွေးကောက်တင်မြှောက်နိုင်ချိန်ထိယာယီသမ္မတတာဝန်ကို ရယူထားမည်ဖြစ်သည်။

သမ္မတ ယွန်းဆွတ်ယိုးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက အကြောင်းအရာ ရေရေရာရာမရှိဘဲ စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာပြဋ္ဌာန်းရန် ကြိုးစားခဲ့ရာ တောင်ကိုရီးယားနိုင်ငံအတွက် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးနိုင်ငံရေး အကျပ်အတည်း ပေါ်ထွက်ခဲ့ရကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**



## ရုရှားအစိုးရက မော်လ်ဒိုဗာနိုင်ငံမှ သံတမန်သုံးဦးကို နိုင်ငံမှ နှင်ထုတ်

**မော်စကို ဧပြီ ၄**

ရုရှားသံတမန်များ နှင်ထုတ်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားအစိုးရကလည်း မော်လ်ဒိုဗာသံတမန်သုံးဦးကို ပြန်လည်နှင်ထုတ်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရားမဝင် နိုင်ငံရေးရန်ပုံငွေအမှုဖြင့် ထောင်ဒဏ်ချမှတ်ခံထားရသည့် မော်လ်ဒိုဗာလွှတ်တော်အမတ်တစ်ဦး လွတ်မြောက်ရေးအတွက် ကူညီခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့် မော်လ်ဒိုဗာနိုင်ငံက မတ် ၃၁ ရက်တွင် ရုရှားသံတမန် သုံးဦးကို နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။

မော်လ်ဒိုဗာ၏ အဆိုပါလုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် မော်လ်ဒိုဗာ သံတမန်သုံးဦးကို ရုရှားနိုင်ငံမှ နှင်ထုတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနသည် ယနေ့တွင် ရုရှားနိုင်ငံဆိုင်ရာ မော်လ်ဒိုဗာသံအမတ်ကြီးကို ဆင့်ခေါ်၍ မော်လ်ဒိုဗာသံတမန်သုံးဦးကို မလိုလားအပ်သူများအဖြစ် ကြေညာထားသည့် ရုံးစာကို ပေးအပ်ခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် မော်လ်ဒိုဗာပြည်တွင်းရေးကို ကြားဝင်စွက်ဖက်နေကြောင်း စွပ်စွဲထားပြီး ၎င်းစွပ်စွဲချက်ကို ရုရှားအစိုးရက ငြင်းပယ်ထားသည်။

မော်လ်ဒိုဗာနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံဟောင်းဖြစ်ပြီး ရုရှားထက် ဥရောပကိုပို၍ လိုလားသည့် အစိုးရအဖွဲ့က ဦးဆောင်နေသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာ မိုဒီနှင့် ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင်တို့ ဘန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေး



**ဒေလီ ဧပြီ ၄**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီနှင့် ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင် မိုဟာမက် ယူနွတ်တို့သည် ယနေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင် မိုဟာမက် ယူနွတ်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပနေသော ဘင်းမ်စတက် ထိပ်သီးညီလာခံ၌ သီးခြားတွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ ရာထူးမှ ဖြုတ်ချခံခဲ့ရပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ကြရသည်။

နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်ပျက်စီးစေမည့် ကိစ္စများကို ရှောင်ရှားရန် ယနေ့ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်မိုဒီက ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင်ကို တိုက်တွန်းခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ အိန္ဒိယသို့ထွက်ပြေးခဲ့ရပြီးနောက်ပိုင်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခေါင်းဆောင်များ၏ ပထမဆုံးဆွေးနွေးပွဲဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့သည် နယ်စပ်ချင်း မိုင် ၂၅၀၀ အထိ ထိစပ်နေသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

## ဂါဇာမြောက်ပိုင်း၌ အစ္စရေးတပ်များ လုံခြုံရေးဇုန်တိုးချဲ့ရန် နယ်မြေရှင်းလင်း

**ဂျေရုဆလင် ဧပြီ ၄**



အစ္စရေးတပ်များသည် ယနေ့တွင် ဂါဇာမြောက်ပိုင်းနယ်မြေတစ်ခုအတွင်း ဝင်ရောက်ရှင်းလင်း၍ လုံခြုံရေးဇုန် တိုးချဲ့နေကြောင်း သိရသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်း၌ စစ်ဆင်ရေးပြုလုပ်၍ လုံခြုံရေးဇုန် တိုးချဲ့မည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်ကကြေညာထားပြီး ရက်ပိုင်းအတွင်းမှာပင် အစ္စရေးလက်နက်ကိုင်တပ်များက ဂါဇာမြောက်ပိုင်းနယ်မြေတစ်ခုအတွင်းဝင်ရောက်၍ ရှင်းလင်းနေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အစ္စရေးတပ်များသည် ဂါဇာစီးတီးမြို့အရှေ့ဘက် ရှိဂျာအားနယ်မြေအတွင်း၌ နယ်မြေရှင်းလင်းမှုများပြုလုပ်နေပြီး အရပ်သားများကို သတ်မှတ်ထားသည့်လမ်းကြောင်းမှတစ်ဆင့် နယ်မြေပြင်ပသို့ ထွက်ခွာခွင့်ပေးထားကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အစ္စရေးစစ်ဘက်သည် ဟားမတ်စ်အုပ်စုနှင့် နှစ်လကြာ အပစ်အခတ်ရပ်စဲခဲ့ပြီးနောက် မတ် ၁၈ ရက်တွင် ဂါဇာဒေသ၌ စစ်ဆင်ရေးများ ပြန်လည်စတင်ခဲ့သည်။

ဟားမတ်စ်အုပ်စု လက်ထဲ၌ ကျန်ရှိနေဆဲဖြစ်သော ဓားစာခံ ၅၉ ဦး ပြန်လွှတ်ပေးချိန်ထိ ဂါဇာစစ်ဆင်ရေးများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားထားသည်။

နှစ်လကြာ အပစ်အခတ်ရပ်စဲရေးကာလအတွင်း ဟားမတ်စ်အုပ်စု ဖမ်းဆီးထားသည့် ဓားစာခံ ၃၃ ဦးနှင့် အစ္စရေးနိုင်ငံက ဖမ်းဆီးထားသည့် ပါလက်စတိုင်းအကျဉ်းသားဦးရေ ၂၀၀ နီးပါး ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အီရန်နျူကလီးယားပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ရုရှားတိုက်တွန်း

**တီဟီရန် ဧပြီ ၄**



အီရန်နျူကလီးယားပြဿနာကို နိုင်ငံရေးနည်းလမ်း၊ သံတမန်နည်းလမ်းများဖြင့်သာ ဖြေရှင်းသင့်ကြောင်း ရုရှားနိုင်ငံက ယနေ့တွင် ပြောကြားခဲ့ပြီး ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန် အမေရိကန်နှင့် အီရန်နိုင်ငံတို့ကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် မယူခဲ့ပါက ဗုံးကြဲတိုက်ခိုက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့ပြီးနောက် ရုရှားအစိုးရ၏ အဆိုပါ တိုက်တွန်းချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန် နျူကလီးယားပြဿနာကို နိုင်ငံရေးနည်းလမ်း၊ သံတမန်နည်းလမ်းများဖြင့်သာ ဆွေးနွေးအဖြေရှာသင့်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ထို့ပြင် အီရန်နျူကလီးယားပြဿနာကိုဖြေရှင်းရာတွင် သက်ဆိုင်ရာအင်အားစုအားလုံး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်သင့်ကြောင်းလည်း ၎င်းက တိုက်တွန်းခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း အီရန်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာအားကောင်းလာသောနိုင်ငံဖြစ်သည်။

အီရန်နှင့် အမေရိကန်နိုင်ငံတို့ကြား နျူကလီးယားဆွေးနွေးပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည်ဖြစ်ကြောင်း ရုရှားအစိုးရက ကမ်းလှမ်းထားကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာ့လက်ရွေးစင်ကစားသမား ဟိန်းဇေယျာလင်းက မီနာမိနို၏ဂျာစီကို မြေငလျင်ဘေးအတွက် လေလံတင်

ရန်ကုန် ဧပြီ ၄

မြန်မာ့လက်ရွေးစင် ကစားသမား ဟိန်းဇေယျာလင်း မြန်မာ ငလျင်ဘေးအတွက် ဂျပန်လက်ရွေးစင်ကစားသမား မီနာမိနို ထံမှရရှိခဲ့သည့် အမှတ်တရဂျာစီကို လေလံတင် ရောင်းချလျက်ရှိကြောင်း သိရသည်။

ဟိန်းဇေယျာလင်းသည် မီနာမိနို၏ဂျာစီကို ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအဖြစ်ကစားခဲ့သည့် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဂျာစီချင်းလဲလှယ်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ မြေငလျင်ဘေးလှူဒါန်းရန်အတွက် ကြမ်းခင်းဈေး ငွေကျပ် ငါးသိန်းဖြင့် ယနေ့မှစတင်ပြီး လေလံတင်ခဲ့ခြင်းဖြစ်သည်။

ဟိန်းဇေယျာလင်းက လေလံတင်မှုကို ယနေ့မှစတင်ပြီး လာမည့် ဧပြီ ၇ ရက်တွင် ရပ်ဆိုင်းမည်ဖြစ်ပြီး ယနေ့တွင် ငွေကျပ် သိန်း ၂၀ ထိ လေလံပေးထားသူရှိသည်။

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကဖြစ်ပွားခဲ့သည့် မြေငလျင်ဘေးအတွက် မြန်မာအားကစားကဏ္ဍအသီးသီးမှ အားကစားသမားများက လှူဒါန်းမှုများ အသီးသီး ပြုလုပ်လျက်ရှိပြီး အစောပိုင်းကလည်း မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှ အားကစားသမား များကလည်း ငလျင်ဘေးအတွက် အသီးသီး မတည်ငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိသည့်အပြင် MMA ဖိုက်တာ အောင်လအန်ဆန်၊ UFC ဖိုက်တာ ဂျိုရှူအာဗန်တို့ကလည်း အသီးသီး အလှူငွေများ ကောက်ခံလှူဒါန်းလျက်ရှိကြောင်း သိရသည်။ STA

# အာဆင်နယ်ကစားသမား ဂါဘရီရယ် ဒဏ်ရာခွဲစိတ်မှုကြောင့် ရာသီကုန်ထိ အနားယူရမည်

လန်ဒန် ဧပြီ ၄

အာဆင်နယ်အသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား ဂါဘရီရယ် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သဖြင့် ဒဏ်ရာခွဲစိတ်မှု ခံယူရမည်ဖြစ်သောကြောင့် ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ဂါဘရီရယ်သည် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၁၆ မိနစ်အရောက်တွင် ဘောလုံးယှဉ်လုရာ၌ တံကောက်ကြောဒဏ်ရာ ရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား ကီဝီရော်နှင့် လူစားလဲခဲ့ရပြီး ဒဏ်ရာကို စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သောကြောင့် ရာသီကုန်ထိ အနားယူရမည်ဖြစ်သည်။

နည်းပြ အာတီတာအနေဖြင့် စစ်ဆေးမှုရလဒ် မထွက်ခင်ကတည်းက ကစားသမား၏ ဒဏ်ရာကို စိုးရိမ်ခဲ့ပြီး ယခုအခါ ခွဲစိတ်မှုခံယူရမည်ဖြစ်သော်လည်း အမြန်ဆုံး ပြန်လည်ကောင်းမွန်မည့်အစီအစဉ်များကို ပြုလုပ်သွားမည်ဖြစ်ကာ လာမည့်ရာသီတွင် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

အာဆင်နယ် အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် လီဗာပူးအသင်းနှင့် ချန်ပီယံဆုဖလားကို စိန်ခေါ်ခွင့်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း အဓိက ကစားသမားများဖြစ်သည့် ဆာကာ၊ ဘန်ဝှိုက်၊ အိုဒီဂတ်၊ မာတင်နယ်လီတို့မှာ ကာလရှည် ဒဏ်ရာရရှိခဲ့သည့်အပြင် ကိုင်ဟာဗက်နှင့် ဂျီးဆပ်တို့မှာ ဒဏ်ရာပြဿနာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူခဲ့ရသဖြင့် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် အခွင့်အရေးနည်းပါးခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ❑ လာမည့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၆၄ သင်းထိ တိုးမြှင့်ကျင်းပမည့်အစီအစဉ်မှာ ဆိုးရွားသည့် အယူအဆဖြစ်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ စီဖာရင်က ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ဘက်ဆစ်တပ်အသင်းနည်းပြ ဆိုးရှားက ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက် လက်ရှိတွင် အယ်ဟိုင်လာအသင်းမှ ကွင်းလယ်ကစားသမား ကန်တီကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေပြီး ကစားသမားကိုယ်တိုင်ကလည်း ဥရောပတွင် ပြန်လည်ကစားရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ်ပြိုင်ပွဲ မတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို မန်ယူအသင်းမှ ဖာနန်ဒက်ဆွတ်ခူး




မန်ချက်စတာ ဧပြီ ၄

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ မတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို မန်ယူအသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဖာနန်ဒက်သည် မန်ယူအသင်းနှင့်အတူ မတ်လအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် အကောင်းဆုံး ခြေစွမ်းပြ ကစားနိုင်ခဲ့ပြီးနောက် ဆန်ခါတင် ကစားသမားစာရင်းတွင်ပါဝင်ခဲ့သည့် ဝုဗ်အသင်းမှ ဘယ်လီဂရိတ်၊ နော့တင်ဟမ်အသင်းမှ အီလန်ဂါ၊ မီလန်ကိုဗစ်ချ်၊ အာဆင်နယ်အသင်းမှ ဒီကလန်ရိုက်၊ ဘရိုက်တန်အသင်းမှ ပေါလ်ဗန်ဟက်ကီတို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်သည် မန်ယူအသင်းနှင့် မတ်လအတွင်းကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် အရေးပါသည့် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ လက်စတာအသင်းနှင့်ပွဲစဉ်တွင်လည်း တစ်ဂိုး သွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု နှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီးနောက် မတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ မတ်လအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို နော့တင်ဟမ်အသင်းကို ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ ဆန်းတို့က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

Ref : One Football

Trs : STA

# ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က တာကောစကီးကို ပွဲပယ်ပြစ်ဒဏ်ချမှတ်




လန်ဒန် ဧပြီ ၄

လီဗာပူးအသင်းနှင့် အဲဗာတန်အသင်းတို့ကစားခဲ့သည့် မာဆေးဆိုက်ဒါဘီပွဲစဉ်တွင် လီဗာပူးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ပြိုင်ပွဲအတွင်း ခံစစ်ကစားသမား တာကောစကီး၏ ကစားပုံကြမ်းတမ်းခဲ့မှုကြောင့် ပရီးမီးယားလိဂ် ဒိုင်အဖွဲ့ချုပ်က ဗီဒီယိုမှတ်တမ်းများ ပြန်လည်ကြည့်ရှု၍ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။


အဆိုပါပွဲစဉ်တွင် အဲဗာတန်ကစားသမား တာကောစကီးသည် ပွဲကစားချိန် ၁၁ မိနစ်အရောက်တွင် လီဗာပူး ကွင်းလယ်ကစားသမား မက်အယ်လစ်စတာကို ဥပဒေပြင်ပမှ ကြမ်းတမ်းစွာ ဖြတ်ထုတ်ခဲ့သော်လည်း VAR ဒိုင် ပေါ်လ်တီယာနေးက အနီကတ်ပြသရန် မလိုအပ်ကြောင်း အကြံပြုပြောကြားခဲ့ရာ ကွင်းလယ်ဒိုင်က အဝါကတ်ပြစ်ဒဏ်သာ သတ်မှတ်ခဲ့ကြောင်း သိရသည်။

သို့သော် ပြိုင်ပွဲအပြီးတွင် ပရီးမီးယားလိဂ် ဒိုင်အဖွဲ့ချုပ်က အဆိုပါဖြစ်စဉ်ကို ဗီဒီယိုမှတ်တမ်းများပြန်လည်ကြည့်ရှုခဲ့ပြီးနောက် အဆိုပါပြစ်ဒဏ်မှာ ကြမ်းတမ်းစွာ ဖြတ်ထုတ်ခဲ့သည့်အတွက် အနီကတ်ပြစ်ဒဏ်သာ ချမှတ်သင့်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းကြောင့် တာကောစကီးမှာ လာမည့်ပွဲစဉ်နှစ်ပွဲခန့်ကို လွဲချော်မည်ဖြစ်သည်။

လီဗာပူးအသင်းသည် ယင်းပွဲစဉ်တွင် တိုက်စစ်မှူး ဂျိုတာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး အဆင့်(၂)မှ အာဆင်နယ်အသင်းကို ရမှတ် ၁၂ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့သဖြင့် လက်ကျန်ပွဲ ရှစ်ပွဲတွင် လေးပွဲအနိုင်ရရှိရုံဖြင့် ဆုဖလားရရှိရန် သေချာနေကြောင်း သိရသည်။ Ref : Espn

Trs : ML

# မာတန့်အား အနိုင်ရရှိကာ Charleston Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ကျန်ကွင်းဝမ်တက်ရောက်



ချားလ်စ်တမ် ဧပြီ ၄

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ်ချားလ်စ်တမ်မြို့တွင် ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန့်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်ကွင်းဝမ်က (၆-၃၊ ၃-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကျန်ကွင်းဝမ်အနေဖြင့် Charleston Open တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ပြိုင်ပွဲများစွာ ယှဉ်ပြိုင်ခဲ့ဖူးသော်လည်း မာတန့်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး အကြိတ်အနယ်ကစားခဲ့ပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကျန်ကွင်းဝမ်က "အင်ဒီးယန်းဝဲလ်စ်ပြီးကတည်းက ကျွန်မအနေနဲ့ စွမ်းဆောင်ရည်ပိုင်းတိုးတက်လာတယ်လို့ ခံစားရတယ်။ စွမ်းဆောင်ရည်ပိုင်း တိုးတက်လာတဲ့ အတွက်ကြောင့်လည်း ဒီပြိုင်ပွဲမှာ ထိပ်တန်းကစားသမားတွေကို ကျော်ဖြတ်နိုင်ခဲ့တာလို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကျန်ကွင်းဝမ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် အလက်ဇန္ဒရိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# SCIENCE AND TECHNOLOGY

## Amazon ကုမ္ပဏီက တည်ဆောက်မည့် ပရောဂျက်ကွီပါအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်၏ ပထမဆုံးဂြိုဟ်တုများကို လွှတ်တင်မည်




**ဝါရှင်တန် ဧပြီ ၄**

အမေရိကန်နိုင်ငံအခြေစိုက် Amazon ကုမ္ပဏီက တည်ဆောက်မည့် ပရောဂျက် ကွီပါအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်၏ ပထမဆုံးဂြိုဟ်တုများကို ဧပြီ ၉ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း ဧပြီ ၃ ရက် သတင်းများအရ သိရသည်။

Amazon ကုမ္ပဏီသည် လာမည့် ဧပြီ ၉ ရက်တွင် ပရောဂျက်ကွီပါဂြိုဟ်တု ၂၇ စင်းကို ULA ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ပရောဂျက်ကွီပါဂြိုဟ်တုများ သယ်ဆောင်ထားသည့် အက်တလပ်စ်-၅ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွီပါ စမ်းသပ်ဂြိုဟ်တုနှစ်စင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်းပေါင်း ၃၂၀၀ ခန့်ဖြင့် ကနဦးတည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဧပြီ ၉ ရက် ပရောဂျက်ကွီပါ မစ်ရှင်သည် ULA ကုမ္ပဏီအတွက် ယခုနှစ်၏ ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယို တယ်လီစကုပ်က 2024 YR 4 ဂြိုဟ်သိမ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဧပြီ ၄**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာဂြိုဟ်နှင့်ဝင်တိုက်နိုင်ခြေရှိသည့် ဂြိုဟ်သိမ်အဖြစ် သတင်းကြီးခဲ့ဖူးသော 2024 YR 4 ဂြိုဟ်သိမ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဧပြီ ၃ ရက်သတင်းများအရ သိရသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာဂြိုဟ်နှင့်ဝင်တိုက်နိုင်ခြေ ၈၃ ပုံတစ်ပုံရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ခဲ့ကြပြီးနောက်ပိုင်းတွင် ဝင်တိုက်နိုင်ခြေကို သုညအဆင့်ထိလျှော့ချခဲ့ကြောင်း သိရသည်။

သို့ရာတွင် သိပ္ပံပညာရှင်များအနေဖြင့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ ၎င်းဂြိုဟ်သိမ်ကို ဆက်လက်လေ့လာခဲ့ပြီး ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။



ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသောသတင်းအချက်အလက်များအရ 2024 YR 4 ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်းပေ ၂၀၀ ခန့်သာရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် 2024 YR 4 ဂြိုဟ်သိမ်၏ အပူချိန်မှာ အတက်အကျမြန်ဆန်နေတတ်ကြောင်းလည်း ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဂြိုဟ်သိမ်၏ မွှတ်မွှတ်လည်နှုန်း မြန်ဆန်မှုကြောင့် 2024 YR 4 ဂြိုဟ်သိမ်၏ အပူချိန် အတက်အကျ မြန်ဆန်နေခြင်းဖြစ်ဖွယ်ရှိသည် ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာက အနာဂတ်အာကာသမစ်ရှင်များလွှတ်တင်ရာတွင် အသုံးပြုမည့်ဒုံးပျံအဖြစ် Space- X ကုမ္ပဏီ၏ Starship ဒုံးပျံကို ထည့်သွင်းထား

**ဝါရှင်တန် ဧပြီ ၄**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အနာဂတ်အာကာသမစ်ရှင်များကို လွှတ်တင်ရာတွင် အသုံးပြုမည့် ဒုံးပျံတစ်စင်းအဖြစ် Space- X ကုမ္ပဏီ၏ Starship ဒုံးပျံကို ထည့်သွင်းထားကြောင်း ဧပြီ ၃ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီ၏ Starship ဒုံးပျံကို နာဆာ၏ အာကာသမစ်ရှင် လွှတ်တင်ရေးဝန်ဆောင်မှု ဒုံးပျံများစာရင်းတွင် ထည့်သွင်းထားကြောင်း နာဆာအဖွဲ့က ဧပြီ ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံနှင့် ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံများကိုလည်း လွှတ်တင်ရေးဝန်ဆောင်မှု ဒုံးပျံများစာရင်းတွင် ထည့်သွင်းထားပြီးဖြစ်သည်။

Starship ဒုံးပျံသည် ကိုယ်ထည်အလျား ၄၁၃ ဒသမ ၅ မီတာရှိပြီး အကြိမ်ကြိမ် ပြန်လည် အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ထားသည့် ဒုံးပျံဖြစ်သည်။

Space-X ကုမ္ပဏီသည် ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်ဆုံး ဒုံးပျံအဖြစ် သတ်မှတ်ခံထားရသည့် Starship ဒုံးပျံကို ရှစ်ကြိမ်ထိ စမ်းသပ် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Starship ဒုံးပျံသည် ကမ္ဘာ့ပတ်လမ်းပေါ်သို့ အာကာသယာဉ်များကို ပို့ဆောင်ပေးနိုင်သောအဆင့်သို့ မရောက်သေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အိမ်ထောင်မရှိသူများက အိမ်ထောင်ရှိသူများထက် Dementia ဖြစ်နိုင်ခြေ ပိုနည်းပါး

**နယူးယောက် ဧပြီ ၄**

အိမ်ထောင်မရှိသည့် အရွယ်ရောက်သူများသည် အိမ်ထောင်ရှိသည့် အရွယ်ရောက်သူများထက် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ပိုနည်းပါးကြောင်း ဧပြီ ၃ ရက်သတင်းများအရ သိရသည်။

အိမ်ထောင်ကွာရှင်းထားသူများပင်ဖြစ်စေ၊ မုဆိုးဖို၊ မုဆိုးမများပင်ဖြစ်စေ၊ အိမ်ထောင်လုံးဝမပြုဖူးသူများပင်ဖြစ်စေ၊ အိမ်ထောင်မရှိသော အရွယ်ရောက်သူများသည် အိမ်ထောင်သည်များနှင့် နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းပိုနည်းပါးကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အထူးသဖြင့် မည်သည့်အခါကမျှ အိမ်ထောင်မပြုခဲ့ဖူးသူများတွင် Dementia ရောဂါဖြစ်နိုင်ခြေမှာ အနိမ့်ဆုံးထိ ကျဆင်းနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အိမ်ထောင်မရှိခြင်းနှင့် Dementia ရောဂါဖြစ်ပွားနိုင်ခြေကျဆင်းမှုတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

အိမ်ထောင်ရှိသူများသည် လူမှုဆက်ဆံရေးနယ်ပယ် ပိုကျဉ်းလာပြီး အိမ်ထောင်ရေးတာဝန်များကြောင့် စိတ်ဖိအားဝင်လာတတ်ရာ ဦးနှောက်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း၊ အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၂၄၁၀၇ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ပြီး ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**

## ကိုလက်စထရောခြေဖျက်ရေးဆေးသစ်တစ်မျိုးက လက်တွေ့စမ်းသပ်မှုရလဒ်ကောင်းများ ပေါ်ထွက်

**နယူးယောက် ဧပြီ ၄**

အမေရိကန်နိုင်ငံ အခြေစိုက် Eli Lilly ကုမ္ပဏီ၏ ကိုလက်စထရောခြေဖျက်ရေးဆေးသစ်တစ်မျိုးကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိရာ ရလဒ်ကောင်းများပေါ်ထွက်လာခဲ့ကြောင်း ဧပြီ ၃ ရက် သတင်းများအရ သိရသည်။

Lepodisiran အမည်ရှိ အထက်ပါဆေးသစ်သည် လူ့ခန္ဓာကိုယ်၏ ဆိုးကျိုးပြု ကိုလက်စထရောများထုတ်လုပ်မှုကို ပိတ်ပင်ပေးသည့် ဆေးအမျိုးအစားဖြစ်ကြောင်း သိရသည်။

လက်တွေ့ စမ်းသပ်မှုအဆင့် (၂)မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Leopdisiran ဆေးသည် လူ့ခန္ဓာကိုယ်၏ Lipoprotein (a) ခေါ် ကိုလက်စထရောတစ်မျိုး ပေါ်ထွက်မှုကို ၉၃ ဒသမ ၉ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Lipoprotein (a) စုစည်းမှုအဆင့် လွန်ကဲပါက နှလုံးရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့် နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်နိုင်ခြေတို့ မြင့်တက်လာနိုင်ကြောင်း သိရသည်။

လက်တွေ့ စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ Lepodisiran ဆေးသည် Lipo-protein (a) စုစည်းမှုအဆင့်ကို ထိရောက်စွာလျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးမှတစ်ဆင့် ချစ်ကြည်ရင်းနှီးသော မိတ်ကောင်းဆွေကောင်းများနှင့်အတူ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်သော ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကိုသာ အစဉ်ရှေးရှုသည့် နိုင်ငံဖြစ်သည့်အတွက် မိမိနိုင်ငံနှင့်ပထဝီအနေအထား၊ စီးပွားရေးအနေအထား၊ ယဉ်ကျေးမှုအနေအထား တူညီသောနိုင်ငံများနှင့်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်လျက်ရှိသည်။ ထိုအဖွဲ့အစည်းများတွင် ဘင်းမ်စတက်အဖွဲ့အစည်းသည်လည်း တစ်ခုပါဝင်သည်။ ဘင်းမ်စတက်ဆိုသည်မှာ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့်၊ ထိုင်းနိုင်ငံတို့ပါဝင်သောဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဘင်းမ်စတက်အဖွဲ့အစည်းကို ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်တွင် ဗန်ကောက်ကြေညာစာတမ်းနှင့်အတူ စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ကျင်းပခဲ့သည့် ဝန်ကြီးအဆင့်အထူးအစည်းအဝေးတွင် အဖွဲ့ဝင်ဖြစ်လာခဲ့ပြီးနောက် အဖွဲ့အမည်ကို "ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု" ဟု အမည်ပြောင်းလဲခဲ့ပါသည်။ ဘင်းမ်စတက်အဖွဲ့အစည်း၏ ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဘင်းမ်စတက်သည် အာဆီယံကဲ့သို့ အရေးပါသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံတွင် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်က ကျင်းပသည့် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့၏ အမည်ကို လက်ရှိအမည်ဖြစ်သည့် "ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဘင်းမ်စတက်)" (BIMSTEC=Bay of Bengal Initiative for Multi Sectoral Technical and Economic Cooperation) ဟုပြောင်းလဲခေါ်ဝေါ်ရန် သဘောတူညီခဲ့ကြသည်။

ဘင်းမ်စတက်အဖွဲ့တွင် ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ ဘင်းမ်စတက်အမြဲတမ်းလုပ်ငန်းကော်မတီအစည်းအဝေးဟူ၍ အဓိကယန္တရား (၄) ရပ်ဖြင့် အဆင့်ဆင့် လည်ပတ်လျက်ရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအလိုက် ဝန်ကြီးအဆင့် အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ လုပ်ငန်းအဖွဲ့နှင့် ကျွမ်းကျင်ပညာရှင်များအဖွဲ့တို့ကိုလည်း ဖွဲ့စည်းထားရှိပါသည်။

ဘင်းမ်စတက်အဖွဲ့၏ အမြင့်ဆုံးအစည်းအဝေးဖြစ်သည့် ထိပ်သီးအစည်းအဝေးကို ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသောနိုင်ငံက လက်ခံကျင်းပလေ့ရှိပါသည်။ လက်ရှိအချိန်အထိ (၆) ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၄ ရက်တွင် နေပြည်တော်၌ လက်ခံကျင်းပခဲ့သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၂၅ ခုနှစ် ဧပြီလ ၄ ရက်တွင် ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။




ဘင်းမ်စတက်အဖွဲ့၏ ဒုတိယအမြင့်ဆုံးအစည်းအဝေးဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသောနိုင်ငံက လက်ခံကျင်းပလေ့ရှိပြီး လက်ရှိအချိန်အထိ (၂၀) ကြိမ် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။ (၂၀) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်၍ ၂၀၂၅ ခုနှစ် ဧပြီလ ၃ ရက်တွင် ဗန်ကောက်မြို့၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်ခဲ့သည်။

ဘင်းမ်စတက်ပဋိညာဉ်စာတမ်းကို ၂၀၂၂ ခုနှစ် မတ်လ ၃၀ ရက်တွင် သီရိလင်္ကာနိုင်ငံက ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများက လက်မှတ်ရေးထိုး အတည်ပြုခဲ့ကြပါသည်။ ဘင်းမ်စတက်ပဋိညာဉ်စာတမ်းကို ရေးဆွဲအတည်ပြုနိုင်ခဲ့သည့်အတွက် ဘင်းမ်စတက်အဖွဲ့သည် စည်းမျဉ်းစည်းကမ်းကို အခြေပြုသော ဥပဒေကြောင်းအရ ဥပမိဂုဏ်ရှိသည့် အဖွဲ့အစည်းအဖြစ် အသွင်ပြောင်းလဲနိုင်ခဲ့သည်။ ယခုအခါ ဘင်းမ်စတက်ပဋိညာဉ်စာတမ်းသည် ၂၀၂၄ ခုနှစ် မေလ ၂၀ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီဖြစ်သည်။

ဘင်းမ်စတက်မူဘောင်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအားလုံးသည် အချုပ်အခြာအာဏာ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ နိုင်ငံရေးအမှီအခိုကင်းမှု၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုမှု၊ ကျူးကျော်ခြင်းမပြုမှု၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှုတို့အပေါ် အခြေခံရန်နှင့် ဆုံးဖြတ်ချက်အားလုံးသည် တူညီဆန္ဒအပေါ်၌ အခြေခံရန် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည်။ ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၏ ဆောင်ပုဒ်မှာ **"သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်သော ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက်"** ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင်သာယာဝပြောသည့်ဘင်းမ်စတက်ကိုတည်ဆောက်ရာတွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ဘင်းမ်စတက်လွတ်လပ်သော ကုန်သွယ်မှုဇရိယာသဘောတူညီချက်မူဘောင် (Framework Agreement on the BIMSTEC Free Trade Area Agreement – FTA) ကို ၂၀၀၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း FTA ကို ထူထောင်ရန် အလှမ်းဝေးနေဆဲပင်ဖြစ်ကြောင်း၊ FTA ကို ထူထောင်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ပြီး ကုန်စည်နှင့်ဝန်ဆောင်မှုကုန်သွယ်ရေးတို့ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် FTA ၏အသီးအပွင့်များကို ရရှိခံစားနိုင်ရေးအတွက် ယင်း၏ဆက်စပ်သဘောတူစာချုပ်များ ဆွေးနွေးအပြီးသတ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် အခြားအရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တစ်ခုမှာဆက်သွယ်ချိတ်ဆက်မှု (connectivity) ပင်ဖြစ်ကြောင်း၊ ဆက်သွယ်ချိတ်ဆက်မှုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးမှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒေသတွင်းဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်ပေးနိုင်မည့် ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်ရေးပင်မစီမံကိန်းကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးသည် အရေးကြီးလှကြောင်း၊ မိမိတို့၏ လူဦးရေသည် အစဉ်တိုးပွားလျက်ရှိသည့်အတွက် တိုးပွားလာသည့် လူဦးရေ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စားနပ်ရိက္ခာဖူလုံရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး လုပ်ငန်းစီမံချက်(၂၀၂၃-၂၀၂၇)နှင့် ဘင်းမ်စတက်ငါးလုပ်ငန်းနှင့်မွေးမြူရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက်တို့ကို ဦးဆောင်ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှုကို ဖြေရှင်းနိုင်ရန်အတွက် ယင်းလုပ်ငန်းစီမံချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို တိုက်တွန်းလိုကြောင်းပြောကြားသည်။

ဘင်းမ်စတက်ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်အရ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရာထူးအတွက်အဖွဲ့ဝင်နိုင်ငံများ၏အက္ခရာစဉ်အလိုက် အဆိုပြုခန့်အပ်လေ့ရှိပြီး သက်တမ်း (၃)နှစ် တာဝန်ထမ်းဆောင်ရပါသည်။ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရာထူးကို သီရိလင်္ကာနိုင်ငံက ပထမဦးဆုံးအဖြစ် ၂၀၁၄-၂၀၁၇ ခုနှစ်ကာလအထိ တာဝန်ယူခဲ့ပြီး နောက်ပိုင်းတွင် အက္ခရာစဉ်အလိုက် တာဝန်ထမ်းဆောင်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၂၀၁၇-၂၀၂၀ ပြည့်နှစ်ကာလကိုလည်းကောင်း၊ ဘူတန်နိုင်ငံက ၂၀၂၀-၂၀၂၃ ခုနှစ်ကာလကိုလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ (၄)ဦးမြောက်ဘင်းမ်စတက်အတွင်းရေးမှူးချုပ်အဖြစ် အိန္ဒိယနိုင်ငံသား မစ္စတာ အင်ဒရာမာနီပန်ဒေးကို ခန့်အပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှစတင်၍ တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဘင်းမ်စတက်အဖွဲ့၌ ယခင်က ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ(၁၄) ခုရှိခဲ့ပြီး ယခုအခါ ပဉ္စမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည့် ဘင်းမ်စတက်ဖွဲ့စည်းပုံအသစ်အရ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၇) ခု သတ်မှတ်ခဲ့ကာ အဖွဲ့ဝင် (၇) နိုင်ငံအနေဖြင့် တစ်နိုင်ငံလျှင် ကဏ္ဍ (၁) ခုစီနှင့် ယင်းကဏ္ဍအောက်ရှိကဏ္ဍခွဲများကို အောက်ပါအတိုင်း ဦးဆောင်တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်-

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင်ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့

**စာမျက်နှာ ၁၀ သို့**

စာမျက်နှာ ၉ မှအဆက်

| စဉ် | ဦးဆောင်နိုင်ငံ | ကဏ္ဍ | ကဏ္ဍခွဲ |
|---|---|---|---|
| ၁။ | ဘင်္ဂလားဒေ့ရှ် | ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ | ပင်လယ်ပြင်အခြေပြုစီးပွားရေး |
| ၂။ | ဘူတန် | ပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲမှုကဏ္ဍ | တောင်တန်းဒေသအခြေပြု စီးပွားရေး |
| ၃။ | အိန္ဒိယ | လုံခြုံရေးကဏ္ဍ | (က) အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးကဏ္ဍခွဲ<br>(ခ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကဏ္ဍခွဲ<br>(ဂ) စွမ်းအင်ကဏ္ဍခွဲ |
| ၄။ | မြန်မာ | စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာ ဖူလုံရေးကဏ္ဍ | (က) စိုက်ပျိုးရေးကဏ္ဍခွဲ<br>(ခ) ငါးလုပ်ငန်းနှင့်မွေးမြူရေး ကဏ္ဍခွဲ |
| ၅။ | နီပေါ | ပြည်သူအချင်းချင်းထိတွေ့ ဆက်ဆံရေးကဏ္ဍ | (က) ယဉ်ကျေးမှုကဏ္ဍခွဲ<br>(ခ) ခရီးသွားလာရေးကဏ္ဍခွဲ<br>(ဂ) ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုဖိုရမ်များကဏ္ဍခွဲ (Think Tanks, မီဒီယာ စသည်)<br>(ဃ) ဆင်းရဲနွမ်းပါးမှုလျှော့ချရေး |
| ၆။ | သီရိလင်္ကာ | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍ | (က) နည်းပညာကဏ္ဍခွဲ<br>(ခ) ကျန်းမာရေးကဏ္ဍခွဲ<br>(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍခွဲ |
| ၇။ | ထိုင်း | ဆက်သွယ်ချိတ်ဆက်ရေး ကဏ္ဍ | - |

တက်ရောက်ရန်အတွက် ဧပြီလ ၃ ရက်နှင့် ၄ ရက်နေ့ ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra၊ နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E.Mr. Shri Narendra Modi၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya နှင့် ဘူတန်နိုင်ငံဝန်ကြီးချုပ် H.E.Mr. Tshering Tobgay တို့နှင့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရာတွင်လည်းကောင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအကြီးအကဲများနှင့် သီးသန့်တွေ့ဆုံရာတွင်လည်းကောင်း မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့်အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအပေါ် ကူညီဆောင်ရွက်ပေးသည့်အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုများ ပူးပေါင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်လက်နက်ရောင်းဝယ်မှုများ ပပျောက်ရေးတို့အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ အလားတူ တရားမဝင်အွန်လိုင်းလောင်းကစားမှုများနှင့် ငွေကြေးလိမ်လည်မှုများပပျောက်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျော့နည်းပပျောက်စေရေးအတွက် နယ်စပ်နေပြည်သူများအား အသိပညာပေးမှုများနှင့် စိုက်ပျိုးရေးနည်းပညာများဖြန့်ဝေပေးသွားမည့်အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍနှင့်အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ရောက်ရှိစဉ် အချိန်နှစ်ရက်တာအတွင်း မိမိနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်အတွက် အတွေ့အကြုံပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ၊ ကူညီကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များရရှိရေး အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အပြင် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေသော အခြားကဏ္ဍရပ်ပေါင်းစုံအတွက်လည်း အားလပ်ချိန်ပင်မထား အနားယူချိန်ပင်မရှိ အကျိုးရှိသော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့ပေသည်။ နိုင်ငံ့အပေါ်ထားရှိသော နိုင်ငံ့ခေါင်းဆောင်တစ်ယောက်၏ စိတ်စေတနာကို ပြည်သူတစ်ယောက်အနေဖြင့် ဝမ်းသာပီတိဖြစ်စွာ ခံစားမိသလို နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်မှုများအတွက်လည်း များစွာကျေနပ်အားရမိပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ဘင်းမ်စတက်အစည်းအဝေးတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေး အစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် “စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊ ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး” ဟူသော နိုင်ငံရေးဦးတည်ချက်ကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းမှန်သို့ပြန်လည်ရောက်ရှိရေးကြိုးပမ်းလျက်ရှိသည်။ ထိုသို့ကြိုးပမ်းလျက်ရှိရာတွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ ချမှတ်ကာ စနစ်တကျဆောင်ရွက်နေခြင်းဖြစ်သည်။ ရှေ့လုပ်ငန်းစဉ်(၅) ရပ်တွင် လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်ရေးလုပ်ငန်းစဉ်အတိုင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တည့်မတ်ခိုင်မာရေးဆောင်ရွက်လျက်ရှိရာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုတွင် မိတ်ကောင်းဆွေကောင်းများနှင့်အညီ လက်တွဲဆောင်ရွက်နိုင်ကြပါရန် ရေးသားတင်ပြလိုက်ရပေသည်။ ။

## သရုပ်ဆောင် ခန့်စည်သူနှင့်အနုပညာရှင်များက မင်းကွန်းတိပိဋကဓမ္မနာဒကျောင်းတိုက်မှ သံဃာတော်များအား အလှူငွေနှင့် ပြည်သူများကို ထမင်း၊ဟင်းများ လှူဒါန်း



**စစ်ကိုင်း မေ ၄**

သရုပ်ဆောင် ခန့်စည်သူနှင့်အနုပညာရှင်များက စစ်ကိုင်းတောင်ရိုးပေါ်ရှိမင်းကွန်းတိပိဋက ဓမ္မနာဒကျောင်းတိုက်မှ သံဃာတော်များအား အလှူတော်ငွေလှူဒါန်းခဲ့ပြီး မင်းကွန်းနှင့်စစ်ကိုင်းမြို့တွင်းရှိ ပြည်သူဦးရေ ၃၅၀၀ ကျော်အား ထမင်း၊ ဟင်းများလှူဒါန်းခြင်းကို မေ ၃ ရက်က ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူက ပြောပြ၍ သိရသည်။

ထို့ပြင် မေ ၂ ရက်ကလည်း စစ်ကိုင်းမြို့ရှိ လေးကျွန်းမြေအုဋ္ဌ ကျောင်းပရိယတ္တိစာသင်တိုက်အတွင်းရှိ ပျက်စီးဆုံးရှုံးခဲ့ရသည့် သာသနိကအဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ် သိန်း ၁၀၀ နှင့်စစ်ကိုင်းမြို့ မင်းကွန်းဒေသ အာလောင်ရွာရှိ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် အလှူငွေကျပ် သိန်း ၄၀ ကိုလည်း လှူဒါန်းခဲ့ပြီး ငလျင်ဒဏ်ခံစားခဲ့ရသည့် စစ်ကိုင်းမြို့ရှိ ပြည်သူဦးရေ ၃၀၀၀ ကျော်အား ထမင်း၊ ဟင်းများ ဝေငှလှူဒါန်းခဲ့ကြကြောင်း သိရသည်။

“စစ်ကိုင်းတောင်ရိုးမင်းကွန်းတိပိဋကဓမ္မနာဒကျောင်းတိုက်မှာ သီတင်းသုံးတော်မူနေကြတဲ့ သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းအတွက်ရည်စူးပြီး အလှူငွေတွေကို လှူဒါန်းခဲ့ပါတယ်။ ဒ့ါပြင် မင်းကွန်းမိုးမိတ်ကျောင်းဝင်းအတွင်း ခိုလှုံနေကြတဲ့ ငလျင်ဒဏ်သင့်ပြည်သူ ၅၀၀ ကျော်နဲ့ စစ်ကိုင်းမြို့တွင်း ငလျင်ဒဏ်သင့်ပြည်သူ ၃၀၀၀ ကျော်တို့အတွက် ထမင်း၊ ဟင်းများ ပို့ဆောင်ကျွေးမွေးခဲ့တာဖြစ်ပါတယ်”ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြ၍ သိရသည်။

ASH

## Legendary ၏ Gundam ဇာတ်ကား၌ မင်းသမီး ဆစ်ဒနီဆွင်းနေး ပါဝင်ဖွယ်ရှိ

**နယူးယောက် မေ ၄**

Legendary ရုပ်ရှင်ကုမ္ပဏီ၏ Gundam ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဆစ်ဒနီဆွင်းနေးပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း မေ ၃ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသမီး ဆစ်ဒနီ ဆွင်းနေးသည် Gundam ဇာတ်ကား၌ သရုပ်ဆောင်ရေးအတွက် Legendary ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေသည်။

လက်ရှိတွင် Gundam ဇာတ်ကား၏ ဇာတ်လမ်းအသေးစိတ်နှင့် မင်းသမီး ဆစ်ဒနီဆွင်းနေး ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာတို့ကို မသိရသေးကြောင်း သိရသည်။

Gundam ဇာတ်ကားကို ဒါရိုက်တာဂျင်မစ်ကယ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကပင် ရေးသားပေးထားပြီး Gundam ဇာတ်ကားသည် Gundam အမည်ရှိ အင်နီမေးရှင်းဇာတ်ကားများကို အခြေခံရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကားဖြစ် ကြောင်း သိရသည်။

လက်ရှိတွင် Gundam ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing takes part in 6th BIMSTEC Summit


Senior General Min Aung Hlaing taking part in the 6th BIMSTEC Summit.

**Nay Pyi Taw April 4**

The sixth BIMSTEC Summit was held at Shangri–La Hotel in Bangkok, Thailand, this morning at local time. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing took part in the discussions.

Also present at the summit together with the Senior General were Joint SAC Secretary General Ye Win Oo, union ministers, U Than Swe, Admiral Moe Aung, and senior officials of the delegation.

First, H.E. Ms. Paetongtarm Shinawatra, Prime Minister of Thailand and rotating Chair of BIMSTEC, welcomed and extended greetings individually to the Senior General and leaders of Bangladesh, Bhutan, India, Nepal, and Sri Lanka, who were attending the meeting, and posed for documentary photo together with them.

The Thai Prime Minister delivered the opening address. During the address, a one-minute silence was observed in honour of the victims of the severe earthquake that struck Myanmar and Thailand on 28 March.

Afterwards, the meeting agenda was approved, followed by the speeches of the leaders of BIMSTEC member states.

In his address, the Senior General said the theme of Bangkok BIMSTEC is "Prosperous, Resilient, and Open (PRO) BIMSTEC" is very much aligned with the goals of the member countries. Many programs could be realized under the leadership of Thailand, and particularly, the leadership of Thailand is recognized in writing and adopting the BIMSTEC Bangkok Vision 2030 that would be approved at the summit.

The summit would adopt the procedures of the BIMSTEC mechanism and they would become the guidelines for systematically holding BIMSTEC meetings and for ensuring clear decision-making programs.

Progress in trade and investment is important in establishing a prosperous BIMSTEC. Although the Framework Agreement on the BIMSTEC Free Trade Area Agreement (FTA) was signed in 2004, its establishment is still far away. FTA will be very supportive of the economic development of member states as it can reduce trade tariffs and facilitate services and commodity trade. As for enjoying the fruits of FTA, accelerated efforts must be exerted for the completion of the related agreements.

Furthermore, it is essential to explore digital cross-border payment systems and the potential for trading in local currencies to streamline transactions and minimize reliance on foreign currencies. Currently, to make payments in border trade faster and smoother, Myanmar has implemented direct "baht-kyat" payments for trade with Thailand and direct "rupee-kyat" payments for trade with India.

Another key area of cooperation in building a prosperous BIMSTEC is enhancing connectivity. Strengthening connectivity will play a crucial role in promoting regional trade, investment, and the development of tourism. Therefore, it is crucial to expedite the implementation of the BIMSTEC Master Plan for Transport Connectivity, as it will significantly enhance regional connectivity.

The India-Myanmar-Thailand Trilateral Highway project will significantly contribute to regional connectivity. The signing of the Maritime Transport Cooperation Agreement is also welcomed, as it will strengthen regional maritime connectivity, trade, and investments in port infrastructure.

Energy cooperation is another crucial pillar for regional prosperity. Prioritizing the BIMSTEC Grid Interconnection Master Plan will facilitate the efficient sharing of energy resources and help reduce costs.

Regional food security is essential for building a prosperous BIMSTEC. As the population continues to grow, it is imperative to prioritize food security to meet the needs of an expanding population. Myanmar, as the lead country in the BIMSTEC Agriculture and Food Security Sector, has taken the initiative in drafting the BIMSTEC Agricultural Sector Cooperation Action Plan (2023-2027) and the BIMSTEC Fisheries and Livestock Cooperation Action Plan. All member countries are urged to effectively implement these work plans to address regional food security.

He stated that Myanmar is endowed with favorable water, soil, and climate conditions for agriculture and livestock. He fully believes that by combining these resources with the modern agricultural and livestock systems of BIMSTEC member countries, which possess advanced technologies, beneficial results will be achieved not only for Myanmar but also for regional food security. Therefore, he would like to invite BIMSTEC member countries to invest in agriculture and livestock-based industries in Myanmar. He also stated that he would like to express his gratitude to India for providing BIMSTEC scholarships in agriculture to member countries at this opportune time.

Among the BIMSTEC member countries, Bangladesh, India, Sri Lanka, and Myanmar are often affected by natural disasters. Additionally, a recent powerful earthquake centered in Myanmar had repercussions in several countries within the region. The earthquake has resulted in 3,301 fatalities, 4,792 injuries, and 221 people reported as missing. There is a pressing need for enhanced regional cooperation to address the challenges posed by natural disasters. He stated that he would like to take this opportunity to express his heartfelt gratitude, on behalf of the people of Myanmar, for the expressions of sympathy from member countries regarding the loss of life and damage caused by the major earthquake that struck Myanmar on March 28. He also appreciated the prompt response in search and rescue efforts, as well as the swift delivery of relief and food supplies.

Building resilience within BIMSTEC is crucial. Our region is confronted with challenges such as climate change, natural disasters, epidemics, and other unforeseen crises. Therefore, it is essential to develop proactive plans for crisis management, disaster readiness, and environmental sustainability.

He stated that we are experiencing the effects of climate change and must promote cooperation to mitigate its impact and adapt to the changing climate. In particular, emphasis must be placed on the implementation of the BIMSTEC project focused on the environment and climate change.

The COVID-19 pandemic has highlighted the need for preparedness in facing health crises. We must strengthen our healthcare systems and ensure timely access to vaccines, medicines, and medical supplies in the event of future pandemics. I urge all member countries to support the timely implementation of the BIMSTEC Public Health Work Plan (2023-2025), which plays a crucial role in enhancing regional health cooperation.


I would also like to express gratitude to the World Bank for its offer to support pandemic prevention, preparedness, and response efforts. Regional security resilience is another key pillar. Cybersecurity, maritime security, and combating transnational crimes such as human trafficking, drug smuggling, and online fraud require close collaboration among our law enforcement agencies.

In particular, we must work together to combat the growing threat of online fraud in the region and globally. Myanmar is already co-operating with neighbouring countries to crack down on online scams, including repatriating victims trafficked for such operations. Since online fraud harms public interests, member states must engage in sustained—not just temporary—collaboration. I am pleased to announce that Myanmar successfully hosted the 4th BIMSTEC National Security Advisors' Meeting from July 24 to 26, 2024.

To shape an open and transparent BIMSTEC, we must strengthen people-to-people ties based on our shared history, culture, and socio-economic connections. However, it is important to clarify Myanmar's historical context regarding Rakhine. The term Rohingya has no historical basis in Myanmar. During British colonial rule, labourers were brought from the Bengal region for agricultural work, and their descendants are referred to as Bengalis. These facts are well-documented.

Tourism plays a key role in fostering mutual understanding and building bridges between our peoples. Promoting sustainable tourism will allow us to leverage our rich cultural heritage while creating new economic opportunities for local communities. ***See Page 13***

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds talks with H.E. Ms. Paetongtarm Shinawatra, Prime Minister of Thailand and rotating Chair of BIMSTEC



Senior General Min Aung Hlaing holds talks with H.E. Ms. Paetongtarm Shinawatra, Prime Minister of Thailand and rotating Chair of BIMSTEC.

**Nay Pyi TawApril 4**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who is in Thailand to attend the BIMSTEC Summit hosted by the country, held talks with H.E. Ms. Paetongtarm Shinawatra, the Prime Minister of Thailand and rotating Chair of BIMSTEC, at Shangri – La Hotel in Bangkok this morning at local time.

At the meeting, the Thai Prime Minister expressed sorrows tha Thai people shared with their Myanmar counterparts for the losses caused by an earthquake and assured continuous rehabilitation and medical aids. She said the Thai and Malaysian foreign ministers will come to Myanmar in the near future to know the requirements of the country. Thailand will continue its aid program.

In his discussions, the Senior General expressed special thanks to Thailand and its people for the sympathy they showed for Myanmar that suffered losses caused by a powerful earthquake and the assurance for continued assistance. He also expressed a deep sorrow for the damages in Bangkok and inclusion of Myanmar citizens in the victims. He said Myanmar welcomes and thanks the FMs of Thailand and Malaysia for their plan to visit Myanmar and to provide aid to the country after knowing the requirements.

Afterwards, views on improving cooperation between the two countries, bilateral programs for peace and stability at border areas, joint anti-illicit trade campaigns, bilateral cooperation in counternarcotics and anti-gun running and anti-online gambling and anti-online scam operations, awareness campaigns at border areas for cutting down transboundary haze and pollution, dissemination of agricultural technology, promotion of cooperation in multi sectors including economy, agriculture, defence were cordially exchanged.

Also present at the meeting together with the Senior General were Joint SAC Secretary General Ye Win Oo, union ministers, U Than Swe, Admiral Moe Aung, and senior officials of the delegation. The Thai PM was accompanied by the foreign minister and government officials of Thailand.

After the talks, the Senior General and Thai PM exchanged commemorative gifts. 100

# SAC Chairman PM Senior General Min Aung Hlaing holds meeting with BIMSTEC Secretary-General H.E. Mr. Indra Mani Pandey

**Nay Pyi Taw April 4**


Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who attended the 6th BIMSTEC Summit hosted by Thailand held a meeting with Secretary-General of BIMSTEC H.E. Mr. Indra Mani Pandey at Shangri-La Hotel in Bangkok this afternoon.

They exchanged views on efforts of Myanmar in successfully holding the 4th BIMSTEC Summit in Nay Pyi Taw, active participation of Myanmar in BMISTEC, successful hosting of the 6th BIMSTEC Summit and accomplishment in agriculture and food security sector of BIMSTEC led by Myanmar.

Also present at the meeting were Council Joint Secretary General Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and senior officials. The BIMSTEC Secretary-General was accompanied officials.

After the meeting, the Senior General and the BIMSTEC Secretary-General exchanged gifts, and they posed for documentary photos.

100




Senior General Min Aung Hlaing holds a meeting with BIMSTEC Secretary-General H.E. Mr. Indra Mani Pandey.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman PM Senior General Min Aung Hlaing holds talks with Indian PM H.E. Mr. Shri Narendra Modi



Senior General Min Aung Hlaing holds talks with Indian PM H.E. Mr. Shri Narendra Modi.

**Nay Pyi Taw April 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who was attending the sixth BIMSTEC summit, held talks with Prime Minister of India H.E. Mr. Shri Narendra Modi at the Shangri-La Hotel in Bangkok this morning local time.

During the talks, the Indian prime minister expressed his own and the people of India's deep sympathy for losses and damage caused by a powerful earthquake in Myanmar and said Gujarat state was once hit by such a powerful earthquake. He said India would continue to provide necessary assistance to Myanmar and he would discuss consequences of natural disasters extensively at the BIMSTEC summit. He said he was glad to meet the Senior General again.

The Senior General expressed his gratitude for assistance of the Indian prime minister and the people of India and wanted India to share rehabilitation experiences after an earthquake. He added that he was glad to hear that the Indian prime minister would discuss consequences of natural disasters comprehensively at the BIMSTEC summit.

Then, they frankly exchanged views on promotion of cooperation between the two countries, importance of stability, prosperity and sovereignty of Myanmar, border stability, cooperation in combat against human trafficking and weapon smuggling, Myanmar's continued path to multi-party democracy and preparations for holding a free and fair multi-party democracy general election in December.

The Senior General was accompanied by SAC Joint Secretary General Ye Win Oo, union ministers U Than Swe and Admiral Moe Aung and entourage senior officers while the Indian prime minister was accompanied by officials of the Government of India.

After the talks, the Senior General and the Indian prime minister posed for documentary photographs and cordially greeted attendees.

100

# SAC Chairman PM Senior General Min Aung Hlaing arrives back in Myanmar after sixth BIMSTEC summit

**Nay Pyi Taw April 4**

The delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, after attending the sixth BIMSTEC meeting, left wing six of Don Muang Airport by special flight for Myanmar at 9 pm local time and the delegation was seen off at the airport by Minister of Labour of Thailand H.E. Mr. Phiphat Ratchakitprakan, Myanmar Ambassador to Thailand U Zaw Zaw Soe and officials.

When they arrived at Nay Pyi Taw Tatmadaw Airport at 10 pm, they were welcome back by Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win, the secretary and members of the SAC, union ministers, the Chief of General Staff (Army, Navy, Air) and senior officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, Thai Ambassador to Myanmar H.E. Mr. Mongkol Visitstump and officials.

The Senior General arrived back with entourage members SAC Joint Secretary General Ye Win Oo, union ministers U Than Swe and Admiral Moe Aung, senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers and military and civilian responsible officers.

During the visit, the Senior General attended the sixth BIMSTEC summit and discussed the situation of Myanmar caused by the natural disaster, cooperation with the international community to effectively carry out relief and rehabilitation operations, cooperation between the countries and friendly relations with heads of state from the member countries.

100




Senior General Min Aung Hlaing being welcomed back on his arrival from Thailand.

*From Page 11*

Given that Nepal and Bhutan are landlocked, we must enhance connectivity and cooperation to overcome logistical challenges.

Our youth are the future of BIMSTEC. We must expand educational exchange programs, create opportunities for young entrepreneurs, and enhance skills development to help them thrive in the digital economy. I commend Thailand for hosting the BIMSTEC Next-Gen Youth Forum in Bangkok from April 2 to 3, 2025, which will facilitate idea-sharing and collaboration strategies.

I am pleased to see growing interest from regional and international organizations in partnering with BIMSTEC. To implement our projects effectively, we must maintain strong ties with existing partners while engaging potential new ones. I also thank the Eminent Persons Group for their recommendations on BIMSTEC's future direction.

On this occasion, I extend my congratulations to Mr. Indra Mani Pandey as the new BIMSTEC Secretary-General and express gratitude to outgoing Secretary-General Mr. Tenzin Lekphell for his contributions. I also thank Thailand for its leadership as BIMSTEC Chair, which has greatly advanced our progress. I warmly welcome Bangladesh as the incoming Chair and assure full support during its tenure. We reaffirm our commitment to working closely with member states to build a peaceful, resilient, open, fair, equitable, and sustainable future.


Following this, the BIMSTEC Secretary-General reported on the 6th BIMSTEC Summit and presented the Joint Declaration of the 19th BIMSTEC Ministerial Meeting and the Report of the 20th BIMSTEC Ministerial Meeting. The meeting also reviewed and endorsed the BIMSTEC Bangkok Vision 2030, BIMSTEC procedural mechanisms, the Eminent Persons Group's report, and the 6th BIMSTEC Declaration.

Subsequently, the outgoing BIMSTEC Chair, Thailand's Prime Minister, handed over the chairmanship to Bangladesh's Chief Advisor.

The new Chair, Bangladesh's Chief Advisor, delivered remarks, followed by closing statements from Thailand's Prime Minister, marking the conclusion of the meeting.

100

# SAC Chairman PM Senior General Min Aung Hlaing hold discussions with Prime Minister of Bhutan H.E. Mr. Tshering Tobgay



Senior General Min Aung Hlaing holds discussions with Prime Minister of Bhutan H.E. Mr. Tshering Tobgay.

**Nay Pyi Taw April 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who was attending the sixth BIMSTEC summit hosted by Thailand, held discussions with Prime Minister of Bhutan H.E. Mr. Tshering Tobgay at the Shangri-La Hotel in Bangkok this afternoon local time.

First, the prime minister of Bhutan relayed the message of the king of Bhutan over the losses caused by a powerful earthquake and the country was offering assistance to Myanmar by sending rescue teams. He said his country was planning to continue to offer necessary assistance to Myanmar.

Then, the Senior General expressed his gratitude for the goodwill towards Myanmar by the king and the people, saying although it had been six days since the earthquake, some survivors could still be rescued. The Senior General expressed his thanks to Bhutan for offering assistance in relief operations.

They frankly discussed cooperation in health and education sectors, cultural exchange, cooperation in other sectors and promotion of friendly relations between the two countries.

The Senior General was accompanied by SAC Joint Secretary General Ye Win Oo, union ministers U Than Swe and Admiral Moe Aung and entourage senior officers while the Bhutan prime minister was accompanied by officials of the Government of Bhutan.

The Senior General and the prime minister of Bhutan exchanged gifts and posed for documentary photographs.100

# SAC Chairman Prime Minister Senior General Min Aung Hlaing talks with Sri Lankan Prime Minister H.E. Dr. Harini Amarasuriya

**Nay Pyi Taw April 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who attended the 6th BIMSTEC Summit hosted by Thailand held talks with Sri Lankan Prime Minister Dr Harini Amarasuriya at Shangri-La Hotel in Bangkok this afternoon.

At the talks, the Sri Lankan Prime Minister conveyed the message of the President of Sri Lanka, saying that the President expressed his deep sorrow over the significant damage and losses caused by the recent powerful earthquake in Myanmar. On behalf of Sri Lanka, the Sri Lankan Prime Minister said Sri Lanka is extending its support in various ways to assist Myanmar in its rescue and recovery efforts.

The Senior General said that the two countries have a strong and friendly relationship with good cooperation. He is grateful for the assistance of Sri Lanka provided during this time, when a severe earthquake has caused damage in Myanmar, particularly for the support extended in the rescue and relief operations.

They cordially discussed promotion of cooperation in economic, defence, education and science and technology sectors, and efforts to enhance friendship between the two countries.

Also, present at the meeting were Council Joint Secretary General Ye Win Oo, Union Ministers U Than Swe and Admiral Moe Aung and senior officials. The Sri Lankan Prime Minister was accompanied by officials from the Sri Lankan government.

After the talks, the Senior General and the Sri Lankan Prime Minister exchanged commemorative gifts. 100



Senior General Min Aung Hlaing talks with Sri Lankan Prime Minister H.E. Dr. Harini Amarasuriya.

# Union Minister Admiral Moe Aung visits Myanmar earthquake victims receiving treatment in Thailand



**Nay Pyi Taw April 4**

Union Minister for the Office of the Chairman of the State Administration Council (1) Admiral Moe Aung, who is in Bangkok, Thailand with the Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing, accompanied by deputy ministers, visited Myanmar citizens who were injured in a building collapse during the earthquake in Thailand on March 28 and are receiving medical treatment at Phyathai Phaholyothin Hospital.

During the visit, the Union Minister personally greeted the Myanmar citizens receiving treatment at the hospital, inquired about their medical conditions, and provided them with financial assistance and food. 100

Union Minister Admiral Moe Aung provides cash assistance and food to a Myanmar quake victim in Thailand.

# State leaders, religious heads send message of condolences to SAC Chairman Prime Minister

**Nay Pyi Taw April 4**

Presidents, Prime Ministers and Heads of Government from foreign countries continuously send messages of condolences to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing for widespread damages, loss of lives, and injuries in the powerful earthquake which struck on 28 March 2025.

Due to the powerful earthquake, which caused extensive damage, loss of life, and numerous injuries, Samdach Preah Abhisiri Sugandhāmahāsangharājāh Dhipati Kitti Uddessa Pandita Bour Kry, the Great Supreme Patriarch of Dhammayuttikanikaya of the Kingdom of Cambodia and Governor of Saint-Petersburg Mr Alexander Beglov of the Russian Federation have each sent condolence letters to Chairman of the National Administration Council Prime Minister Senior General Min Aung Hlaing, expressing their deep sympathy.

These messages stated that due to the recent earthquake, which caused fatalities and extensive damage, they express their condolences. Members of the Sangha in Cambodia stand together with the surviving families, government officials involved in the rescue efforts, the monastic communities across Myanmar, and all those affected by the earthquake. They understand the suffering of the people of Myanmar and wish for them to overcome this difficult time with resilience. They pray that the survivors may rebuild their lives with unity and peace. May the victims find comfort through the compassion and love of the Buddha, and may they recover swiftly. They are deeply saddened by the loss of lives and extensive destruction. They extend their condolences to the affected families and pray for the swift recovery of those in need. They wish that all involved in the rescue efforts have the strength and determination to overcome the consequences of the natural disaster. 100

**Senior General Min Aung Hlaing**
**Chairman of the State Administration Council**
**Republic of the Union of Myanmar**

**Dear Senior General Min Aung Hlaing**

I tis with profound sadness that I, Samdach Preah Abhisiri Sugandhāmahāsangharājāh Dhipati Kitti Uddessa Pandita Bour Kry, the Great Supreme Patriarch of Dhammayuttikanikaya of the Kingdom of Cambodia, extend my deepest condolences for the devastating loss of life and widespread destruction caused by the recent earthquake.

During this period of profound suffering, our hearts, and the hearts of the Sangha in Cambodia, extend to the families who have lost loved ones, the governments involved in the relief efforts, the monastic community throughout Myanmar, and all those impacted by this devastating event. We share in your grief and offer our earnest prayers for the strength and resilience of the Myanmar people. We pray that the souls of those lost in this disaster find peace, and that those who remain may find the resilience to rebuild their lives and communities in a peaceful and harmonious manner.

May the teachings of compassion and loving-kindness provide solace and guide the recovery efforts. We earnestly hope that the spirit of unity and cooperation will prevail, enabling the swift restoration of the affected communities.

May all beings find peace and comfort during this difficult time.

With Metta,

Samdach Preah Abhisiri Sugandhāmahāsangharājāh
Dhipati Kitti Uddessa Pandita Bour Kry
The Great Supreme Patriarch
of Dhammayuttikanikaya of
the Kingdom of Cambodia
31 March 2025

**Senior General Min Aung Hlaing**
**Chairman of the State Administration Council**
**Prime Minister**
**The Republic of the Union of Myanmar**

**Your Excellency,**

On behalf of the Government of Saint-Petersburg and the residents of our city, allow me to express my condolences to you and the entire Myanmar people over the human lives list in the powerful earthquake.

We are deeply saddened by the news of casualties and significant destruction.

Saint-Petersburg mourns together with the residents of Mandalay and other regions who have lost their loved ones.

Please convey words of sincere sympathy to the families of the victims.

I wish swift recovery to all victims.

I wish strength and courage to the authorities and rescuers who are working to eliminate the consequences of the disaster.

Mr Alexander Beglov
Governor of Saint-Petersburg
The Russian Federation

**Your Excellency,**

Esteemed Speaker of Pyithu Hluttaw,

I am deeply saddened to learn from media reports that the powerful earthquake that struck Myanmar on Friday, 28 March 2025, had an impact on the people, forcing families to relocate and causing the loss of lives, homes, and buildings.

My condolences to the families and their loved ones who have lost their lives, and I send my prayers and best wishes for Myanmar's recovery from the disaster.

Mr. Seah Kian Peng
Speaker
Parliament of Singapore

# Xinhua Headlines: South Korea's Yoon ousted, early presidential election looms

**Seoul April 4**

South Korea's Constitutional Court on Friday removed President Yoon Suk-yeol from office by upholding his impeachment by the National Assembly.

The conservative leader became the country's second sitting president to be forcibly removed from power following former President Park Geun-hye's ouster through impeachment in 2017.

Yoon also became the third president to be impeached by the National Assembly. Late liberal President Roh Moo-hyun was impeached by the legislature in 2004 but later reinstated.

Moon Hyung-bae, acting chief of the Constitutional Court, announced the unanimous ruling by all eight justices, which recognized that Yoon "violated the Constitution and laws by mobilizing military and police forces to obstruct the exercise of legislative authority."

Justice Moon stressed that removing Yoon from office would better protect the Constitution than allowing him to stay in power.

The court's ruling came 111 days after Yoon's impeachment motion was submitted to the court, compared to 92 days for Park's impeachment and 64 days for Roh's.

Xinhua

# WHO official dismisses rumors about new virus in Russia

**Moscow April 4**

Batyr Berdyklychev, the head of the World Health Organization (WHO) country office in Russia, has dismissed rumors about a new virus in the country, the TASS news agency reported Friday.

The WHO representative in Moscow has confirmed that the recent suspected cases in Russia were caused by the known bacterial infection of mycoplasma pneumonia, the report said.

Berdyklychev told TASS that the WHO had requested related data from Russian authorities in response to the reports of patients coughing up blood.

"Following investigations, including laboratory confirmation, it was determined that the five reported cases in Moscow and the Moscow region were caused by mycoplasma pneumonia. This is not a new virus, and the number of cases does not pose an increased epidemiological risk," he said.

Berdyklychev said that the WHO has established effective collaboration with Russia's Federal Service for the Oversight of Consumer Protection and Welfare, adding, "This is a very good example of the fact that the Russian Federation has set up a reliable epidemiological surveillance system."

Xinhua




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က ကြိုဆိုနှုတ်ဆက်စဉ်။

**ရှေ့ဖုံးမှအဆက်**

ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ ခေါင်းဆောင်များကို တစ်ဦးချင်းကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အစည်းအဝေးကို စတင်ကျင်းပပြုလုပ်ရာ ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထိုသို့အဖွင့်အမှာစကားပြောကြားနေချိန်အတွင်း မြန်မာနိုင်ငံနိုင်ငံများ၏ ရည်မှန်းချက်များနှင့် အလွန်လိုက်လျောညီထွေရှိကြောင်း၊ ထိုင်းနိုင်ငံ၏ ဦးဆောင်မှုအောက်တွင် အစီအစဉ်များစွာအကောင်အထည်ပေါ်လာခဲ့ကြောင်း၊ အထူးသဖြင့် ယခုထိပ်သီးအစည်းအဝေးတွင် အတည်ပြုချမှတ်မည့် ဘင်းမ်စတက် ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ ကို ရေးဆွဲအဆိုပြုခြင်းအတွက် ဥက္ကဋ္ဌ ထိုင်းနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုကို အသိအမှတ်ပြုပြောကြားလိုကြောင်း။

ကုန်သွယ်မှုဧရိယာ သဘောတူညီချက်မူဘောင်(Framework Agreement on the BIMSTEC Free Trade Area Agreement–FTA)ကို ၂၀၀၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း FTA ကိုထူထောင်ရန် အလှမ်းဝေးနေဆဲပင်ဖြစ်ကြောင်း၊ FTA ကို ထူထောင်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာအတားအဆီးများကိုလျှော့ချနိုင်ပြီး ကုန်စည်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေးတို့ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့် လုပ်ငန်းများ၌ငွေပေးချေမှု ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် မြန်မာနိုင်ငံက ထိုင်းနိုင်ငံနှင့်ကုန်သွယ်ရာတွင် “ဘတ်-ကျပ်” တိုက်ရိုက်ပေးချေမှုနှင့် အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်ရာတွင် “ရူပီး-ကျပ်” တိုက်ရိုက်ပေးချေမှုတို့ကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် အခြားအရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တစ်ခုမှာ ဆက်သွယ်ချိတ်ဆက်မှု(connectivity)ပင်ဖြစ်ကြောင်း၊ ဆက်သွယ်ချိတ်ဆက်မှုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးမှုကိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒေသတွင်းဆက်သွယ်ချိတ်ဆက်မှုကိုမြှင့်တင်ပေးနိုင်မည့် ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်ရေး ပင်မစီမံကိန်းကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းသည် ဒေသတွင်းဆက်သွယ်ချိတ်ဆက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ဒေသတွင်းရေကြောင်းဆက်သွယ်မှုများ၊ ကုန်သွယ်မှုများနှင့် ဆိပ်ကမ်းအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးနိုင်မည့် ပင်လယ်ရေကြောင်း ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို မိမိအနေဖြင့် ကြိုဆိုပါကြောင်း။

စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (energy cooperation)သည် ဒေသတွင်းသာယာဝပြောရေးအတွက် နောက်ထပ်အရေးကြီးရမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းစေရေး လုပ်ငန်းစီမံချက်(၂၀၂၃-၂၀၂၇)နှင့် ဘင်းမ်စတက်ငါးလုပ်ငန်းနှင့် မွေးမြူရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက်တို့ကို ဦးဆောင်ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှုကိုဖြေရှင်းနိုင်ရန်အတွက် ယင်းလုပ်ငန်းစီမံချက်များကို ထိထိရောက်ရောက်အကောင်အထည်ဖော်ကြရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို တိုက်တွန်းလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ကောင်းမွန်သည့် ရေ၊ မြေ၊ ရာသီဥတုကိုပိုင်ဆိုင်ထားကြောင်း၊ နည်းပညာရှိသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ခေတ်မီသည့်စိုက်ပျိုးရေး၊မွေးမြူရေးနည်းစနစ်များနှင့် လက်တွေ့ပေါင်းစပ်ကျင့်သုံးသွားမည်ဆိုပါက မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက်ပါ အကျိုးရှိသည့်ရလဒ်များ ခံစားရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ကြောင်း၊ ထို့ကြောင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ အခါအခွင့်သင့်ခိုက် အဖွဲ့ဝင်နိုင်ငံများအတွက် စိုက်ပျိုးရေးဆိုင်ရာဘင်းမ်စတက်ပညာသင်ဆုများပေးအပ်ခြင်းအတွက် အိန္ဒိယနိုင်ငံအား ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊အိန္ဒိယနိုင်ငံ၊သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့တွင် မတ် ၂၈ ရက်၌ ပြင်းထန်စွာ လျှင်လှုပ်ခတ်ခဲ့မှုကြောင့် လျှင်ဘေးဒဏ်သင့်ခဲ့ရသည့်သူများအတွက် တစ်မိနစ်ငြိမ်သက်ဂါရဝပြုကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ စုပေါင်းဓာတ်ပုံရိုက်စဉ်။

ထို့နောက် အစည်းအဝေးအစီအစဉ်အားအတည်ပြုပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက မိန့်ခွန်းအသီးသီးပြောကြားကြသည်။

ထိုသို့ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံ၏ ဘင်းမ်စတက်ဥက္ကဋ္ဌသက်တမ်း ဆောင်ပုဒ်ဖြစ်သည့် “သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်သော ပွင့်လင်းမြင်သာသည့်ဘင်းမ်စတက်”သည် အဖွဲ့ဝင်

ထို့ပြင် မိမိတို့သည် ဘင်းမ်စတက်ယန္တရားများဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ယခုထိပ်သီးအစည်းအဝေးတွင် အတည်ပြုကြမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ထုံးလုပ်နည်းများသည် ဘင်းမ်စတက်အစည်းအဝေးများစနစ်တကျကျင်းပနိုင်ရန်နှင့် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များ ရှင်းလင်းမှုရှိစေရန်အတွက် လမ်းညွှန်များဖြစ်လာမည်ဖြစ်ကြောင်း။

သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ဘင်းမ်စတက်လွတ်လပ်သောအတွက် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် FTA ၏ အသီးအပွင့်များကို ရရှိခံစားနိုင်ရေးအတွက် ယင်း၏ဆက်စပ်သဘောတူစာချုပ်များ ဆွေးနွေးအပြီးသတ်ရေးကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် အရောင်းအဝယ်ကိစ္စများ အဆင်ပြေလွယ်ကူစေရန်နှင့် နိုင်ငံခြားငွေအပေါ်မှီခိုမှုကိုလျှော့ချနိုင်ရန် ဒစ်ဂျစ်တယ်နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုစနစ်များ၊ ဒေသသုံးငွေကြေးများဖြင့် ကုန်သွယ်နိုင်မည့် အခြေအနေများကို ရှာဖွေဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ လက်ရှိတွင်နယ်စပ်ကုန်သွယ်ရေးကြီးသည့် မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ ဘင်းမ်စတက်ဓာတ်အားလိုင်းအပြန်အလှန်ချိတ်ဆက်မှုဆိုင်ရာ ပင်မစီမံကိန်းကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာမျှဝေသုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ကုန်ကျစရိတ်များကိုလည်း လျှော့ချပေးနိုင်မည် ဖြစ်ကြောင်း။

သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးသည် အရေးကြီးလှကြောင်း၊ မိမိတို့၏လူဦးရေသည် အစဉ်တိုးပွားလျက်ရှိသည့်အတွက် တိုးပွားလာသည့်လူဦးရေ၏ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် စားနပ်ရိက္ခာဖူလုံရေးကို အလေးထားဆောင်ရွက်နိုင်ငံနှင့်မိမိတို့မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုဒဏ်ကို မကြာခဏကြုံတွေ့ခံစားရလျက်ရှိကြောင်း၊ ထို့ပြင် မကြာသေးမီက မြန်မာနိုင်ငံကိုဗဟိုပြုပြီး အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့သည့်အတွက် ဒေသတွင်းနိုင်ငံအချို့တွင်လည်း ရိုက်ခတ်မှုများရှိခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လက်ရှိအချိန်ထိ သေဆုံးသူ ၃၃၀၁ ဦး၊ ဒဏ်ရာရရှိသူ ၄၇၉၂ ဦးနှင့် ပျောက်ဆုံးနေသူ ၂၂၁ ဦးရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အခွင့်ကြုံခိုက်ပြီးခဲ့သည့် မတ် ၂၈ ရက်က မြန်မာ



ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတက်ရောက်လာကြသူများက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် မတ် ၂၈ ရက်၌ ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့်သူများအတွက် တစ်မိနစ်ငြိမ်သက်ဂါရဝပြုကြစဉ်။

နိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် ကြီးမားသည့်ငလျင်ကြီးကြောင့် ထိခိုက်သေဆုံးပျက်စီးမှုများအတွက် အဖွဲ့ဝင်နိုင်ငံများက စာနာထောက်ထားမှုပြောဆိုခြင်း၊ ရှာဖွေကယ်ဆယ်ရေးအတွက် အချိန်တိုအတွင်းရောက်ရှိကူညီပေးခြင်း၊ ကယ်ဆယ်ရေးနှင့်စားသောက်ဖွယ်ရာများ အမြန်ပေးပို့ကူညီမှုများအတွက် မြန်မာပြည်သူများက ကျေးဇူးအထူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ဘင်းမ်စတက်အတွင်း ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ရေးသည် အရေးကြီးလှကြောင်း၊ မိမိတို့ဒေသသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများနှင့် အခြားကြိုတင်မမြင်နိုင်သည့် အကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အကျပ်အတည်းစီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့အတွက် အစီအမံများကို ကြိုတင်ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုတွေ့ကြုံခံစားနေရပြီး ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးနှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘင်းမ်စတက်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကျန်းမာရေးအကျပ်အတည်းများကို ရင်ဆိုင်ရာတွင် ကြိုတင်ပြင်ဆင်မှုများ လိုအပ်သည်ကို မီးမောင်းထိုးပြခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ခိုင်မာအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်တွင် ကပ်ရောဂါများဖြစ်ပွားသည့်အခါ ကာကွယ်ဆေးများ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီရရှိရေး စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရာ၌ အရေးပါလှသည့် ဘင်းမ်စတက်ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်(၂၀၂၃-၂၀၂၅)ကို အချိန်မီ အကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းပံ့ပိုးပေးရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း။

ကပ်ရောဂါကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုတို့နှင့်စပ်လျဉ်း၍ ပံ့ပိုးပေးရန် ကမ်းလှမ်းချက်အတွက် ကမ္ဘာ့ဘဏ်ကို အခါအခွင့်သင့်ခိုက်ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဒေသတွင်းလုံခြုံရေးသည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၏ နောက်ထပ်သော့ချက်မဏ္ဍိုင်ဖြစ်ကြောင်း၊ ဆိုက်ဘာလုံခြုံရေး၊ရေကြောင်းလုံခြုံရေးနှင့်လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှု၊ အွန်လိုင်းလိမ်လည်မှုကဲ့သို့သော နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကိုတိုက်ဖျက်ရာ၌ မိမိတို့၏ တရားဥပဒေစိုးမိုးရေးအေဂျင်စီများအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း။

အထူးသဖြင့် ဒေသတွင်းနှင့်နိုင်ငံတကာတွင် ကြီးထွားလာသည့် အွန်လိုင်းလိမ်လည်မှုများကို ပူးပေါင်းတိုက်ဖျက်ကြရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးတွင် အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၌ အသုံးချရန် လူကုန်ကူးခံရသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်နိုင်သည့်အတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား ရေတိုမဟုတ်ဘဲအမြဲတမ်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေးကို ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်ထိ အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာပြောကြားလိုကြောင်း။

ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက်ကို ပုံဖော်ရန်အတွက် မိမိတို့အကြား သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်နွှယ်ပတ်သက်မှုများကိုအခြေခံပြီး မိမိတို့ပြည်သူအချင်းချင်း ထိတွေ့ဆက်သွယ်မှုကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် မိမိတို့ပြည်သူများအကြား အပြန်အလှန်နားလည်မှုကို မြှင့်တင်ရာတွင်လည်းကောင်း၊ ဆက်ဆံရေးပေါင်းကူးတံတားများ တည်ဆောက်ရာတွင်လည်းကောင်း အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းကိုမြှင့်တင်ခြင်းဖြင့် မိမိတို့ဒေသ၏ ကြွယ်ဝသည့်ယဉ်ကျေးမှုအမွေအနှစ်များကို အသုံးချနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် ဒေသခံလူထုအတွက် စီးပွားရေးအခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဖန်တီးရာတွင်လည်း နီပေါနှင့် ဘူတန်နိုင်ငံတို့သည် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ ရှိနိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ရေးအခွင့်အလမ်းများကို ပိုမိုလုပ်ဆောင်ပေးသွားရန် လိုအပ်သည်ကိုလည်း ပြောကြားလိုပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

မိမိတို့၏လူငယ်များသည် ဘင်းမ်စတက်၏အနာဂတ်ဖြစ်ကြောင်း၊မိမိတို့၏လူငယ်များ ဒစ်ဂျစ်တယ်စီးပွားရေးတွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ပညာရေးဆိုင်ရာဖလှယ်ရေးအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ လူငယ်စွန့်ဦးတီထွင်မှုအတွက် အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့်ကျွမ်းကျင်မှုများ ပိုမိုတိုးတက်ရန်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေနိုင်မည့်အကြံဉာဏ်များဖလှယ်ရန်နှင့်နည်းလမ်းများရှာဖွေရန်အတွက် ဘင်းမ်စတက်လူငယ်မျိုးဆက်သစ်ဖိုရမ်ကို ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၃ ရက်ထိ ဗန်ကောက်မြို့တွင် ကျင်းပပေးသည့်အတွက် ဥက္ကဋ္ဌ ထိုင်းနိုင်ငံကို ချီးကျူးဂုဏ်ပြုသည်ကိုပြောကြားလိုကြောင်း။

ဘင်းမ်စတက်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက စိတ်ဝင်စားမှုတိုးမြှင့်လာသည်ကို သိရှိရသည့်အတွက် အားရကျေနပ်မိကြောင်း၊ ဘင်းမ်စတက်၏စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်ကျွမ်းကျင်မှုနှင့် အရင်းအမြစ် များကိုရယူနိုင်ရန်အတွက် ရှိရင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆက်ဆံရေးကို ထိန်းသိမ်းထားရန်နှင့် အလားအလာရှိသည့် မိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံသွားရန်အရေးကြီးကြောင်း၊ ဘင်းမ်စတက်၏ အနာဂတ်ဦးတည်ချက်များနှင့်စပ်လျဉ်းပြီး အစီရင်ခံစာနှင့်အကြံပြုချက်များတင်ပြခြင်းအတွက် ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့ကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ထို့ပြင် အခါအခွင့်သင့်ခိုက် ဘင်းမ်စတက်၏ အတွင်းရေးမှူးချုပ်သစ်အဖြစ် မစ္စတာအင်ဒရာမာနီပန်ဒေးအား ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်ရေးတွင် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့မှုများအတွက် အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာတန်ဇင်လက်ခ်ဖဲလ်ကိုလည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဘင်းမ်စတက်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလတွင် ဘင်းမ်စတက်၏တိုးတက်မှုကို များစွာ အထောက်အကူပြုစေခဲ့သည့် ဦးဆောင်မှုအတွက် ထိုင်းနိုင်ငံကိုကျေးဇူးတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ဘင်းမ်စတက်ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းထမ်းဆောင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ဘင်းမ်စတက်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်စဉ်ကာလတွင် မိမိတို့အနေဖြင့် အပြည့်အဝ ထောက်ခံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ကိုပြောကြားလိုကြောင်း၊ အားလုံးအတွက် သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်ပြီး ပွင့်လင်းမြင်သာရုံသာမက တရားမျှတ၍ သာတူညီမျှဖြစ်ပြီး ရေရှည်တည်တံ့မည့် အနာဂတ်ကိုပုံဖော်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာလက်တွဲလုပ်ဆောင်ရန် မိမိတို့၏ ခိုင်မာသောကတိကဝတ်ကို ထပ်လောင်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်က ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်၍ အစီရင်ခံတင်ပြပြီး ၁၉ ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်နှင့် အကြိမ် ၂၀ မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှတ်တမ်းတို့ကို အတည်ပြုခြင်း၊ဘင်းမ်စတက်ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ အား သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ ဘင်းမ်စတက်ယန္တရားများဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း၊ ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့၏အစီရင်ခံစာကို သုံးသပ်ခြင်း၊ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ကြေညာစာတမ်းကို အတည်ပြုခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် ဘင်းမ်စတက်အလှည့်ကျ ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌတာဝန်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြံပေးပုဂ္ဂိုလ်ချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အလှည့်ကျဥက္ကဋ္ဌသစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြံပေးပုဂ္ဂိုလ်ချုပ်က အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်က အပိတ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra နှင့် တွေ့ဆုံဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဧပြီ ၄

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra နှင့် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့ရမှုများအပေါ် မိမိနှင့် မိမိတို့ပြည်သူများအနေဖြင့် ထပ်တူဝမ်းနည်းရပါကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက လိုအပ်သည့် အခြေအနေများကို သိရှိနိုင်ရန်အတွက် မိမိတို့နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် မလေးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးတို့သည် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ သွားရောက်မည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့်အကူအညီများကို မိမိတို့နိုင်ငံအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံတွင် ပြင်းထန်ငလျင်ကြောင့် ထိခိုက်ခဲ့မှုများနှင့် ပတ်သက်၍ အဆွေတော်နှင့် အဆွေတို့ပြည်သူများအနေဖြင့် ဝမ်းနည်းကြောင်းပြောကြားပေးမှုများနှင့် လိုအပ်သည့်အကူအညီများဆောင်ရွက်ပေးမှုများကို မိမိတို့အနေဖြင့် ထိုင်းနိုင်ငံပြည်သူများကို များစွာကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်း ထိခိုက်မှုဖြစ်ပွားခဲ့သည်ကိုလည်း သိရှိရပါကြောင်း၊ အဆိုပါထိခိုက်မှုအတွင်း မြန်မာနိုင်ငံသားများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ်လည်း စိတ်မကောင်းဖြစ်ရပါကြောင်း၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ လာရောက်၍ အကူအညီပေးနိုင်ရေး လိုအပ်သည်များကို ကြည့်ရှုမည်ဆိုသည်ကိုလည်း မိမိတို့အနေဖြင့် ကြိုဆိုကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုများ ပူးပေါင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်လက်နက်ရောင်းဝယ်မှုများ ပပျောက်ရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊အလားတူ တရားမဝင်အွန်လိုင်းလောင်းကစားမှုများနှင့် ငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့နည်းပပျောက်စေရေးအတွက် နယ်စပ်နေပြည်သူများကို အသိပညာပေးမှုများနှင့် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးသွားမည့် အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ထိုင်းနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည့် မြန်မာနိုင်ငံသားများကို သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ထိုင်းနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုဖြစ်ပွားစဉ် အတွင်း အဆောက်အအုံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦးကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် ဒုတိယဝန်ကြီးများလိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မတ် ၂၈ ရက်၌ ထိုင်းနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုဖြစ်ပွားစဉ်အတွင်း အဆောက်အအုံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး Phyathai Phaholyothin Hospital ၌ ဆေးကုသမှုခံယူလျက်ရှိသည့် မြန်မာနိုင်ငံသားများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထိုသို့သွားရောက်ရာတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့် မြန်မာနိုင်ငံသားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဆေးကုသမှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူတန်နိုင်ငံဝန်ကြီးချုပ် H. E. Mr. Tshering Tobgay နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၄


ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘူတန်နိုင်ငံဝန်ကြီးချုပ် H. E. Mr. Tshering Tobgay နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ ဘူတန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ မိမိတို့ ဘုရင်မင်းမြတ်က များစွာ စိတ်မကောင်းဖြစ်ရသည်ကို အမှာစကားပါးလိုက်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပြီး ကူညီမှုများကိုဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့်အကူအညီများကိုလည်း ဆက်လက်၍ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော်တို့နိုင်ငံ၏ ဘုရင်မင်းမြတ်နှင့် ပြည်သူများ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် စိတ်စေတနာများကို သိရှိရသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်ခဲ့သည်မှာ ခြောက်ရက်တိုင်ရှိပြီဖြစ်သော်လည်း ယမန်နေ့အထိ အသက်ရှင်လျက် ကယ်ထုတ်နိုင်မှုများ ရှိနေသေးကြောင်း၊ ဘူတန်နိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ဝင်ရောက်ကူညီ ဆောင်ရွက်ပေးမှုများအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူတန်နိုင်ငံဝန်ကြီးချုပ် H. E. Mr. Tshering Tobgay နှင့် တွေ့ဆုံဆွေးနွေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘူတန်နိုင်ငံဝန်ကြီးချုပ် H. E. Mr. Tshering Tobgay တို့ အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်စဉ်။

ထို့နောက် နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် အခြားပူးပေါင်းဆောင်ရွက်၍ရသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဘူတန်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဘူတန်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘူတန်နိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H. E. Mr. Indra Mani Pandey နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H. E. Mr. Indra Mani Pandey နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဧပြီ ၄

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H. E. Mr. Indra Mani Pandey နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် နေပြည်တော်၌ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးညီလာခံကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့အတွင်း တက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့မှုနှင့် ဘင်းမ်စတက်စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးကဏ္ဍအတွက် မြန်မာနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်းမ်စတက်အတွင်းရေးမှူးချုပ်အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H. E. Mr. Indra Mani Pandey အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H. E. Dr. Harini Amarasuriya နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H. E. Dr. Harini Amarasuriya နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၄**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H. E. Dr. Harini Amarasuriya နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်က မိမိတို့သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုအပေါ် များစွာစိတ်မကောင်းဖြစ်ရသည်ကို အမှာစကားပါးလိုက်ပါကြောင်း၊ မိမိတို့သီရိလင်္ကာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်သည့် နိုင်ငံများဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ပြင်းထန်လျှင်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍ၊ကာကွယ်ရေးကဏ္ဍ၊ပညာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများ၌ ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရေး ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ သီရိလင်္ကာနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H. E. Dr. Harini Amarasuriya တို့ အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီး H. E. Mr. Phiphat Ratchakitprakan နှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံဒွန်မောင်းလေဆိပ်(Wing – 6)တွင် ပို့ဆောင်နှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ယနေ့ညဒေသစံတော်ချိန် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံဒွန်မောင်းလေဆိပ်(Wing – 6)မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီး H. E. Mr. Phiphat Ratcha–kitprakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ည ၁၀ နာရီအချိန်တွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ရောက်ရှိကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkon Visitstump နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့်အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့

**နေပြည်တော် ဧပြီ ၄**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့်ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ကမ္ဘောဒီးယားနိုင်ငံ ဓမ္မယုတ္တိကနိကာယသံဃာအဖွဲ့အစည်း မဟာသံဃာရာဇာဓိပတိ ဆမ်ဒက် ပရယ် အဘိသီရိဂန္ဓ ကိတ္တိ ဥဒ္ဒေသ ပဏ္ဍိတ ဘူကရီးကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြို့တော်ဝန် အလက်ဇန္ဒားဘယ်ဂ်လေ့ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါသဝဏ်လွှာများတွင် မကြာသေးခင်ကဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့်ထိခိုက်ပျက်စီးမှုများဖြစ်ပွားခဲ့သည့်အတွက် မိမိတို့အနေဖြင့် ဝမ်းနည်းကြောင်း၊ကမ္ဘောဒီးယားနိုင်ငံရှိ သံဃာတော်များအနေဖြင့် ကျန်ရစ်သူမိသားစု၊ ကယ်ဆယ်ရေးဆောင်ရွက်နေသည့် အစိုးရတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်အဖွဲ့အစည်းများနှင့် ငလျင်ဒဏ်ခံစားရသူများအားလုံးနှင့်အတူ ရှိနေပါကြောင်း၊ မြန်မာပြည်သူများ၏ ပူဆွေးသောကကို စာနာနားလည်ပါကြောင်း၊ မြန်မာပြည်သူများ ခံနိုင်ရည်ရှိစွာဖြင့် ခက်ခဲသောကာလမှ အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း၊ ကျန်ရစ်သူများအနေဖြင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုတို့ဖြင့် မိမိတို့ဘဝများကို ပြန်လည်တည်ဆောက်နိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ ဘုရား၏ အဆုံးအမများနှင့် ကရုဏာတရား၊မေတ္တာတရားများဖြင့် စိတ်သက်သာမှုရရှိကာ အမြန်ဆုံးပြန်လည်ကုစားနိုင်ကြပါစေကြောင်း၊ အသက်ဆုံးရှုံးမှုများနှင့် များစွာသော ပျက်စီးဆုံးရှုံးမှုများကို သိရှိရသည့်အတွက် အလွန်ပင်ကြေကွဲဝမ်းနည်းရပါကြောင်း၊ ထိခိုက်ခံစားရသည့် မိသားစုဝင်များကို စာနာထောက်ထားကြောင်း၊ထိခိုက်နစ်နာသူများအားလုံး လျင်မြန်စွာပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများအားလုံး သဘာဝဘေးအန္တရာယ်၏ အကျိုးဆက်များကို ရင်ဆိုင်ကျော်လွှားဖယ်ရှားနိုင်သည့် ခွန်အားနှင့် သတ္တိရှိကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းတို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။

(၅၀၁)

---

ရက်စွဲ ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

မကြာသေးခင်က ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ ထိခိုက်ခံစားနေချိန်တွင် မိမိနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ သံဃာတော်များအနေဖြင့် ကျန်ရစ်သူမိသားစု၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် အစိုးရတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်အဖွဲ့အစည်းများနှင့် ငလျင်ဒဏ်ခံစားနေရသူများအားလုံးနှင့်အတူ ရှိနေပါသည်။ မြန်မာပြည်သူများ၏ပူဆွေးသောကကို စာနာနားလည်ပါကြောင်းနှင့်မြန်မာပြည်သူများ ခံနိုင်ရည်ရှိစွာဖြင့် ခက်ခဲသောကာလမှ အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း အလေးအနက်ထားဆုမွန်ကောင်းတောင်းအပ်ပါသည်။

ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးကြသူများလည်း ငြိမ်းချမ်းသောဘုံဘဝသို့ ရောက်ရှိပါစေကြောင်းနှင့် ကျန်ရစ်သူများအနေဖြင့်လည်း ခံနိုင်ရည်ရှိစွာဖြင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုတို့ဖြင့် မိမိတို့၏ ဘဝများကို ပြန်လည်တည်ဆောက်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

ဘုရား၏ အဆုံးအမများဖြစ်သော ကရုဏာတရား၊ မေတ္တာတရားများဖြင့် စိတ်သက်သာမှုရရှိကာ အမြန်ဆုံးပြန်လည်ကုစားနိုင်ပါစေကြောင်း မျှော်လင့်ပါသည်။

ယခုကဲ့သို့ခက်ခဲသောအချိန်ကာလတွင် လူသားအားလုံးကို ငြိမ်းချမ်း၍ စိတ်သက်သာရပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆမ်ဒက် ပရယ် အဘိသီရိဂန္ဓ ကိတ္တိ ဥဒ္ဒေသ ပဏ္ဍိတ ဘူကရီး**
**မဟာသံဃာရာဇာဓိပတိ**
**ဓမ္မယုတ္တိက နိကာယ သံဃာအဖွဲ့အစည်း**
**ကမ္ဘောဒီးယားနိုင်ငံ**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော်**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် အင်အားပြင်းထန်သော ငလျင်ကြောင့် မြန်မာပြည်သူများစွာ အသက်ဆုံးရှုံးရသည့်အတွက် အဆွေတော်နှင့် မြန်မာနိုင်ငံသားများအား စိန့်ပီတာစဘတ်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းနည်းကြောင်းကို လေးနက်စွာဖော်ပြလိုပါသည်။

အသက်ဆုံးရှုံးမှုများနှင့် များစွာသော ပျက်စီးဆုံးရှုံးမှုများကို သိရှိရသည့်အတွက် အလွန်ပင်ကြေကွဲဝမ်းနည်းရပါသည်။

စိန့်ပီတာစဘတ်အနေဖြင့် မန္တလေးမြို့နှင့် အခြားဒေသများမှ ၎င်းတို့၏ ချစ်ခင်ရသူများ ဆုံးရှုံးရသည့် ပြည်သူများနှင့်အတူ ကြေကွဲဝမ်းနည်းမှုကို ဖော်ပြလိုပါသည်။ ထိခိုက်ခံစားရသည့် မိသားစုဝင်များကို စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။

ထိခိုက်နစ်နာသူများအားလုံး လျင်မြန်စွာပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းအပ်ပါသည်။

သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများအားလုံး သဘာဝဘေးအန္တရာယ်၏ အကျိုးဆက်များကို ရင်ဆိုင်ကျော်လွှားဖယ်ရှားနိုင်သည့် ခွန်အားနှင့် သတ္တိရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လေ့**
**စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

---

**လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခင်ဗျား**

ပြီးခဲ့သည့် မတ် ၂၈ ရက် (သောကြာနေ့)၌ မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားကြီးငလျင်ကြောင့် ပြည်သူများအပေါ် သက်ရောက်မှုရှိခဲ့ပြီး မိသားစုများ ရွှေ့ပြောင်းနေထိုင်ခဲ့ရသကဲ့သို့ အသက်အိုးအိမ်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရမှုများကို မီဒီယာအစီရင်ခံချက်များအရ သိရှိခဲ့ရသည့်အတွက် ဝမ်းနည်းပူဆွေးမိပါသည်။

အသက်ကြွေလွင့်ခဲ့ရသည့် မိသားစုများနှင့် ၎င်းတို့၏ချစ်ခင်ရသူများအတွက် ဝမ်းနည်းမိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ကပ်ဘေးမှ ပြန်လည်နာလန်ထူနိုင်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Mr. Seah Kian Peng
Speaker
Parliament of Singapore

---

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay. OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်က ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

( ခ ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း(Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

( ဂ ) ပြည်တွင်း၊ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်းဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။


(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**































☆ **ကျောဖုံးမှအဆက်**

မိမိအနေဖြင့် သဘာဝဘေးဒဏ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ယခုကဲ့သို့အဆွေတော်နှင့်ထပ်မံတွေ့ဆုံရမှုအတွက်လည်း ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် အဆွေတော်နှင့် အိန္ဒိယပြည်သူများက အကူအညီများ ပေးအပ်မှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍လည်း အတွေ့အကြုံများကို မျှဝေပေးစေလိုပါကြောင်း၊ အဆွေတော်အနေဖြင့် ဘင်းမ်စတက်အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမည်ဟု သိရသည့်အတွက်လည်း မိမိအနေဖြင့် ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်လူကုန်ကူးမှုများနှင့် လက်နက်မှောင်ခိုမှုများပပျောက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေနေများ၊မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေးကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်






တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲများ ကျင်းပစဉ်။

**နေပြည်တော် ဧပြီ ၄**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team-Work)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (National-ism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။







ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

"ဒီသင်တန်းမှာ ကျွန်တော် ပထမဆု (စံပြတပ်သားဆု)ကို ရရှိခဲ့ပါတယ်။ သင်တန်းကို ရောက်ရောက်ချင်းတော့ ကျွန်တော်တို့အကုန်လုံးက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူးပေါ့။ အစိမ်းသက်သက်ဖြစ်နေတာကိုး။ တဖြည်းဖြည်းနဲ့ တစ်ပတ်လောက်ကြာမှ ကျွန်တော်တို့ နေသားကျလာတယ်။ အဲ့ဒီအခါကျမှ သူငယ်ချင်းအသစ်တွေနဲ့ ကျွန်တော်တို့ ပျော်ရွှင်လာကြပါတယ်။ ကိုယ်တတ်တာလေးဆို သူတို့ကို ကူညီလိုက်၊ အချင်းချင်း နားမလည်တာရှိရင် နားလည်တဲ့သူက ကူညီလိုက်နဲ့ အဲ့လိုနဲ့ပဲ တစ်ယောက်နဲ့ တစ်ယောက်ဖေးမရင်း၊ ကူညီရင်းနဲ့ သင်တန်းဆင်းတဲ့ရက်တောင် ရောက်လာပါပြီ။ ကိုယ့်အိမ်မှာ ကိုယ်နေတာနဲ့ တပ်မတော်ပုံစံနဲ့က ဘယ်လိုမှမတူညီပါဘူး။ အိပ်တာကအစ၊ စားတာကအစ အကုန်လုံး စည်းကမ်းနဲ့ပဲ သွားရပါတယ်။ နေချင်သလို နေလို့မရပါဘူး။ အကုန်လုံးကို စည်းကမ်းဘောင်ထဲမှာပဲ အတူတူထားပါတယ်။ စစ်ပညာကို ကြိုးကြိုးစားစား သင်ယူခဲ့ရပြီး ပင်ပင်ပန်းပန်းသင်တန်းတက်ခဲ့ရပါတယ်။ အခုသင်တန်းဆင်းပြီဆိုတော့ တပ်ရင်း၊တပ်ဖွဲ့တွေမှာ ကျွန်တော်တို့တာဝန်ထမ်းဆောင်ကြရပါမယ်။ တပ်မတော်သားတစ်ယောက်ဖြစ်ပြီဆိုပြီးတော့ တာဝန်အပြည့်အဝ ထမ်းဆောင်ရတော့မယ်ပေါ့နော်။ အဲ့ဒီအတွက် ကျွန်တော်တို့ ပျော်ရွှင်ပါတယ်။ သို့သော်လည်း သူငယ်ချင်းတွေနဲ့ ခွဲခွာရတော့မယ်ဆိုလည်း စိတ်ထဲ တစ်မျိုးဖြစ်ပြီး ဝမ်းနည်းပါတယ်။ အတတ်နိုင်ဆုံးတော့ ကျွန်တော့်ဘက်က အစွမ်းကုန်ကြိုးစားပြီး တာဝန်ထမ်းဆောင်သွားမှာပါ။ ပေးအပ်တဲ့အမိန့်ကိုနာခံပြီးတော့ ကျရာတာဝန်ကို ထမ်းဆောင်သွားမှာပါ။ ဒီသင်တန်းတက်ဖို့ ဘာမှကြောက်စရာမရှိပါဘူး။ ပထမဆုံးတော့ နေသားကျဖို့ အချိန်ခဏယူရပါလိမ့်မယ်။ နေသားကျပြီး သွားရင်တော့ အဆင်ပြေသွားပါလိမ့်မယ်" ဟု ပြောသည်။

"လုပ်ရည်ကိုင်ရည်နဲ့ ကျွန်တော်ရဲ့ စွမ်းဆောင်မှုတွေ၊ အစကတော့ ကျွန်တော်တို့လည်း ဒါတွေသိပ်ပြီး နားမလည်တော့ မလုပ်တတ်ခဲ့ဘူး။ အဲဒါကြောင့် ဆရာတွေ ဆုံးမတဲ့စကားတွေနဲ့ ဆရာတွေ ကျွန်တော်တို့ကို သင်ကြားပေးတဲ့ သင်ခန်းစာတွေနဲ့ပေါင်းစပ်ပြီး ကျွန်တော်တို့မှာရှိတဲ့ ဉာဏ်နဲ့ လုံ့လနဲ့ ကျွန်တော်တို့ပေါင်းစပ်ညှိနှိုင်းပြီး ကြိုးစားပြီးတော့ လုပ်ခဲ့တယ်။ ဒီဆုကို ကျွန်တော်ကြိုးစားပြီးတော့ ယူခဲ့တယ်။ အခုကျတော့ ကျွန်တော်တို့နေတာလည်း ကြာသွားပြီ တစ်ယောက်နဲ့ တစ်ယောက်ညီလိုအစ်ကိုလိုလည်းဖြစ်သွားပြီ ဆရာတပည့်သားအဖတွေလိုလည်းဖြစ်သွားပြီဆိုတော့ ကျွန်တော်တို့ နေရထိုင်ရတာအဆင်ပြေပါတယ်။ ပျော်ပါတယ်။ ပြီးရင် ကျွန်တော်တို့လည်း ဒီထဲမှာ နေသားကျနေပါပြီ ဒီထဲကို ကိုယ့်သဘောကိုယ့်ဆန္ဒနဲ့ကိုယ် ဝင်တာပါ။ နိုင်ငံတော်ကချပေးထားတဲ့ နှစ်နှစ်ဆိုတဲ့ ဥပဒေ၊ ကျွန်တော်တို့ အဲဒီနှစ်နှစ်အတောအတွင်းမှာ မဖြစ်မနေလုပ်ရမယ်ဆိုတဲ့ စိတ်နဲ့ ကျွန်တော်တို့ ဒီနှစ်နှစ်ကို မရရအောင်ဖြတ်သန်းမယ်။ ကျွန်တော်ကတော့ တပ်ရင်းရောက်သွားလည်း ကျွန်တော့်ကို ပေးတဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်။ ဒီတာဝန်၊ ဒီနေရာကို သွားရမယ်ဆိုရင် ရောက်အောင်သွားမယ်။ ရအောင်လုပ်မယ်" ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့် အသင်းဝင်များအား အလှူငွေများလှူဒါန်းနိုင်ရန် နှိုးဆော်ခြင်း

**ရန်ကုန် ဧပြီ ၄**

မြန်မာနိုင်ငံစာရေးဆရာအသင်းသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးမြို့အနီး ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှတစ်ဆင့် အလှူငွေကျပ် ၁၃၅ သိန်းနှင့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသော ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် အလှူငွေကျပ်သိန်း ၁၀၀ စုစုပေါင်း အလှူငွေကျပ် ၂၃၅ သိန်း လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်ပြီး ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့် ငလျင်ဘေးဒဏ်ခံစားခဲ့ကြရသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များကို ဆက်လက်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြို့နယ်စာရေးဆရာအသင်းများနှင့် စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အလှူငွေများလှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်းအမှတ် ၁၇၃/၁၇၅ ခုနစ်လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁၂၅၂၄၁၇၊ ၀၉၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးသို့ ထွက်ခွာမည့် အထူးအမြန်ရထား(DEMU) ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။





ငလျင်ဒဏ်သင့်ဒေသများ၌ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၄**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် အင်အားပြင်းမြေငလျင်လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ငလျင်ဒဏ်သင့်၍ ထိခိုက်ဒဏ်ရာရရှိသော ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ စစ်ကိုင်းမြို့ ဇက်ဆိပ်ကမ်းရှိ ကုန်ကားများ သွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှု၊ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးသွားသော မြတ်ကိုယ်ပိုင်အထက်တန်းကျောင်း၌ နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မန္တလေးမြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ လမ်းများပျက်စီးနေမှု၊ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ရှိ နေမင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် အမှတ်(၂၅) YEC ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ ရောက်ရှိနေသော ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အာယုဒါနဆေးရုံတော်၌ နိုင်ငံတကာဆေးအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်းကာ သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာတော်များထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးရန် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ခေတ္တရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဆေကိန္ဒကိုလည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိသောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရကို လည်းကောင်း သွားရောက်ဖူးမြော်ပြီး ဆရာတော်ကြီးများ၏ ဩဝါဒများကို ခံယူခဲ့ကြသည်။

ထို့နောက် မန္တလေးနန်းမြို့ရိုးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြို့ရိုးတစ်လျှောက်တွင် အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဘူတာကြီးသို့ ရောက်ရှိပြီးတောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးသို့ ဆက်လက်ထွက်ခွာမည့် အထူးအမြန်ရထား(DEMU)၏ ကြံ့ခိုင်မှုအခြေအနေများနှင့် မီးရထားလမ်းကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း၊ ငလျင်ဒဏ်သင့်၍ ပျက်စီးခဲ့သည့် တောင်ငူတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)သို့လည်းကောင်း၊ ခပေါင်းတံတားပြန်လည်ပြုပြင်နေမှုအခြေအနေများနှင့် ခပေါင်းတံတားကြီးပေါ်၌ မော်တော်ယာဉ်ကြီး၊ မော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာနေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဝန်ကြီးရုံးများ၊ ဝန်ထမ်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ရွှေညောင်မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်ဝင်း၊ မစိုးရိမ်တိုက်သစ် ဘုန်းတော်ကြီးကျောင်း၊ ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်းဓမ္မဗိမာန်၊ Sky Villa နှင့် အခြားအပျက်အစီးများရှိသည့် နေရာများသို့လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများကို ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေးခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်းဟင်းများ လှူဒါန်းခြင်း၊ စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့များ နေပြည်တော်သို့ နေ့စဉ် ရောက်ရှိလျက်ရှိ



နေပြည်တော် မေ ၄

ငလျင်ဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့များသည် လေကြောင်းခရီးများဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ နေ့စဉ် ရောက်ရှိလျက်ရှိသည်။

ယနေ့တွင် စင်ကာပူနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လာအိုနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများနှင့် ဆေးဝါးများ၊ ဘူတန်နိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ဆေးပစ္စည်းများ၊ တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများနှင့် ဆေးဝါးများ နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့များသည် ငလျင်ဘေးသင့်ဒေသများရှိ ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၊ ဆေးဝါးကုသမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ ရောက်ရှိလာကြသည့် ကယ်ဆယ်ရေးနှင့် ဆေးကုသမှုအဖွဲ့များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ကင်ညာနိုင်ငံသား ၇၇ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၄

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့ မင်းလက်ပံနယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား ၇၇ ဦးကို ယနေ့တွင် မြန်မာ – ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။



ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် အဆိုပါလွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အထောက်အထား စာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံသံရုံးမှ Deputy Head of Mission Mrs. Nancy Deboar Wanjiru Mwangi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကိုစနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၄ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၁၄၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၅ ခုနှစ် မေ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုအား ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် မေ ၁၃ ရက် (တနင်္လာနေ့)မှ မေ ၁၈ ရက် (သောကြာနေ့) ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး မေ ၁၉ ရက်(စနေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# စင်ကာပူနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိ

နေပြည်တော် မေ ၄

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် စင်ကာပူနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်များသည် ယနေ့နံနက် ၅ နာရီခွဲတွင်လည်းကောင်း၊ ၁၀ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ ၁၀ နာရီ ၄၂ မိနစ်တွင် လည်းကောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါလေယာဉ်များဖြင့် ရွက်ဖျင်တဲများ၊ ဆေးပစ္စည်းများနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများ ၄၆၃၇၄ Kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H.E.Ms Chan Yuen Ying Vanessa Elisabeth နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် တာဝန်ရှိသူတို့က လက်ခံကြိုဆိုခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့်ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



## တြိဂံဒေသတိုင်းစစ်ဌာနချုပ်သို့ ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းသော စေတနာရှင်၊ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်



တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင် အလှူရှင် တစ်ဦးကို ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်စဉ်။

**နေပြည်တော် မေ ၄**

ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင်၊အလှူရှင်များက တြိဂံဒေသတိုင်းစစ်ဌာနချုပ်သို့ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ဆက်သွယ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ၏ ဦးဆောင်မှုဖြင့် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ သောက်ရေသန့်ဘူးများ၊ အသင့်စားအစားအသောက်များ၊ ထောက်ပံ့ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများကို ဆက်သွယ်လှူဒါန်းကြသည်။

အဆိုပါ ငလျင်ဘေးသင့်ပြည်သူများအတွက် ဆက်သွယ်လှူဒါန်းမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်က လက်ခံရယူပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ မတ် ၂၈ ရက်မှ ယနေ့ထိ လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၀ ကျော်နှင့် ငွေကျပ်သိန်း ၂၈၉၀ ကျော်တန်ဖိုးရှိထောက်ပံ့ပစ္စည်းများကို လက်ခံရရှိပြီး ရရှိထားသောအလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများသို့ ရောက်ရှိနိုင်ရေး ကူညီပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ju Lia(Hnin Yati" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ သဃ်န်းကုန်းရပ်ကွက်နေ နှင်းနှင်းအေး(ခ)နှင်းရတီအား ညနေ ၄ နာရီခွဲတွင် သုံးဆယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## တပ်မတော်က ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလစ်အငိုက် ပစ်ခတ်တိုက်ခိုက်





KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်ပစ်ဗုံးဖြင့် အလစ်အငိုက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လက်ပစ်ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူများကို တွေ့ရစဉ်။

**နေပြည်တော် မေ ၄**

တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထား နားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် ၂၀၂၅ ခုနှစ် မေ ၂ ရက်မှ ၂၂ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုကဲ့သို့ တပ်မတော်က ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးထုတ်ပြန်ထားသည့်ကာလအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများကို အလစ်အငိုက်လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် မိုးညှင်းမြို့ မြို့မဈေးအနီး နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့ဝင်များက ဆိုင်ကယ်ဖြင့် ရုတ်တရက်မောင်းနှင်ဝင်ရောက်လာပြီး လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားပြည်သူ နှစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မိုးညှင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မိုးညှင်းမြို့ မြို့မဈေးအနီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးဖြင့် အလစ်အငိုက်တိုက်ခိုက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံအတွင်း ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ခံစားလျက်ရှိသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပူပင်သောကရောက်ရှိမှုများကို လျစ်လျူရှု၍ ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုကို ကျူးလွန်ခြင်းသည် လူသားချင်း စာနာထောက်ထားမှုမရှိခြင်းပင်ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်ကို ကျူးလွန်ခြင်းပင်ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နိုင်ငံတစ်ဝန်း၌ နယ်မြေလုံခြုံရေးတာဝန်များကို တာဝန်သိပြည်သူလူထုများ၏ ဝိုင်းဝန်းပါဝင်ပူးပေါင်းမှုများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌လည်း နယ်မြေလုံခြုံရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးနှင့် အတူတကွ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ပါဖြစ်စဉ်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူတစ်ဦး၏ စကားသံများကိုလည်း ယခုလိုဘဲ ကြားသိရပါတယ်-



"ဗုံးဖောက်ခွဲတဲ့အချိန်မှာ ကျွန်တော်က နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးနေတဲ့ လုံခြုံတပ်ဖွဲ့ဝင်တွေနားမှာ ရှိနေတာပါ။ ပြည်သူတွေအတွက် လုံခြုံရေးဆောင်ရွက်ပေးနေချိန်မှာ KIA၊ PDF အဖွဲ့တွေက လက်ပစ်ဗုံးနဲ့လာပစ်သွားတာပါ။ ဒီလိုကိစ္စမျိုးတွေက မဖြစ်သင့်ဘူးပေါ့။ ဖြစ်လည်း မဖြစ်ထိုက်ဘူးပေါ့။ ကောင်းလည်း မကောင်းဘူးပေါ့။ ဒီလိုအကြမ်းဖက်မှုဆိုတာ ထိခိုက်သွားတဲ့သူတွေအတွက်လည်း မကောင်းဘူး။ ဘယ်သူ့အတွက်မှ မကောင်းဘူးလို့ ကျွန်တော်ပြောကြားလိုပါတယ်"ဟု ပြောကြားသည်။ (၅၀၁)

# စေတုတ္တရာမြို့နယ်အတွင်း ဆရာတော်၊ သီလရှင်များနှင့် အရပ်သားပြည်သူများလိုက်ပါလာသည့် မော်တော်ယာဉ်များအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံးပြီး ဆရာတော် တစ်ပါး၊ သီလရှင် တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာများရရှိ





အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်များနှင့် ပြည်သူများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အောင်နိုင်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများသည် မော်တော်ယာဉ်နှစ်စီးဖြင့် မကွေးမြို့သို့ ဘုန်းတော်ကြီးကျောင်း အလှူကိစ္စဆောင်ရွက်ရန်အတွက် လိုအပ်သောဈေးပစ္စည်းများ သယ်ဆောင်ပြီး ပြန်လည်ထွက်ခွာလာစဉ် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ယာဉ်များပေါ်လိုက်ပါလာသည့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး သေဆုံးခဲ့ပြီး ဆရာတော် တစ်ပါး၊ သီလရှင် တစ်ပါးနှင့် အမျိုးသမီး ခုနစ်ဦး ပြင်းထန်သော ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အောင်နိုင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ သီဟနန္ဒဦးဆောင်၍ သံဃာတော် တစ်ပါး၊ သီလရှင် တစ်ပါး၊ အမျိုးသား နှစ်ဦး၊ အမျိုးသမီး ကိုးဦးတို့သည် မကွေးမြို့သို့ ဘုန်းတော်ကြီးကျောင်း အလှူကိစ္စဆောင်ရွက်ရန်အတွက် လိုအပ်သောဈေးပစ္စည်းများသယ်ဆောင်ရန် မော်တော်ယာဉ်နှစ်စီးဖြင့် စေတုတ္တရာ-ငဖဲ-ပဒါန်း-မင်းဘူး-မကွေးသွား ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာစဉ် ဇွန် ၃ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် စေတုတ္တရာမြို့၏ အရှေ့တောင်ဘက် မီတာ ၁၆၀၀၀ ခန့်အကွာ အောက်ဝေါကျေးရွာအနီးသို့ အရောက်၌ အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်မိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ရာ ယာဉ်များပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး သေဆုံးခဲ့ပြီး ဆရာတော် တစ်ပါး၊ သီလရှင် တစ်ပါးနှင့် အမျိုးသမီး ခုနစ်ဦး ပြင်းထန်သော ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

"ဗုံးပေါက်ကွဲတဲ့အချိန်မှာ နယ်မြေလုံခြုံရေးဆောင်ရွက်ပေးနေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်အနီးမှာ ကျွန်မက ရှိနေခဲ့တယ်။ သူတို့က ကျွန်မတို့ စေတုတ္တရာမြို့ရဲ့လုံခြုံရေးကို ဆောင်ရွက်ပေးနေတာဖြစ်ပြီးတော့ မြို့ကလည်း အေးချမ်းသာယာနေတဲ့မြို့လေးပါ။ ဒီအချိန်က ကျွန်မတို့နိုင်ငံမှာ ပြင်းထန်ငလျင်ဖြစ်ပွားခဲ့တာကြောင့် ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို လုပ်ဆောင်နေရတဲ့ ကာလပဲဖြစ်တယ်။ ပြီးတော့ ဒီလိုအရေးပေါ် အခြေအနေကာလမှာ တပ်မတော်ကလည်း လေးလပိုင်း ၂ ရက်နေ့ကနေ ၂၂ ရက်နေ့ထိကို ယာယီ အပစ်အခတ်ရပ်စဲရေးကာလအဖြစ် ကြေညာထားတယ်လို့ ကျွန်မကြားသိရပါတယ်။ ဒီလိုကာလကြီးမှာ အကြမ်းဖက်အဖွဲ့တွေက ဒီလို အလစ်အငိုက်ပစ်ခတ်တိုက်ခိုက်တာတွေကိုတော့ ကျွန်မအနေနဲ့ မလုပ်သင့်ဘူးလို့ ထင်မြင်ယူဆမိတယ်။ ကျွန်မဒီလိုထိခိုက်ဒဏ်ရာရသွားလို့လည်းမဟုတ်ပါဘူး။ ဒါဟာဘယ်လိုပဲဖြစ်ဖြစ် လုပ်သင့်တဲ့လုပ်ရပ်မဟုတ်ဘူးလို့ထင်ပါတယ်။ လူသားချင်းစာနာစိတ်နဲ့ နိုင်ငံအပေါ် ချစ်စိတ်မွေးဖို့ပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်မှ သေဆုံး၊ ဒဏ်ရာရရှိခဲ့သူများကို စေတုတ္တရာလူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် စေတုတ္တရာမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုများ ခံယူလျက်ရှိရာ ယနေ့တွင် တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြား၍ ဆရာတော်နှင့် သီလရှင်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး အရပ်သားပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ပြည်သူများ လွတ်လပ်စွာ လှုပ်ရှားသွားလာခြင်း၊ သင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း အလှူအတန်းများ ပြုလုပ်ရန် ပြင်ဆင်နေခြင်းများအပေါ် လက်ခံနိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ခရီးသွား မော်တော်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ယခုကဲ့သို့ ဆရာတော်များ၊ သီလရှင်များနှင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့မှုများနှင့်ပတ်သက်၍ ဒါယကာ၊ ဒါယိကာမများ၊ မိသားစုများ၊ ဒေသခံပြည်သူများအနေဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ဆရာတော်၊ သီလရှင်နှင့် အရပ်သားပြည်သူများလိုက်ပါလာသည့် မော်တော်ယာဉ်နှစ်စီးကို အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မော်တော်ယာဉ်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်အတွင်း ဆရာတော်၊ သီလရှင်နှင့် အရပ်သားပြည်သူများလိုက်ပါလာသည့် မော်တော်ယာဉ် ၂ စီးအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ဒုံးကျည်တပ်ဆင်ပစ်လွှတ်နိုင်သော ပထမဆုံးနျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောကို ရေချနိုင်ခဲ့



ရုရှားနိုင်ငံသည် Zircon ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည် တပ်ဆင်ပစ်လွှတ်နိုင်သော ပထမဆုံး နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကို ရေချနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Perm ဟု အမည်ပေးထားသော အဆိုပါ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် ရုရှားနိုင်ငံ၏ Yasen-class Project 885/885M စီမံကိန်းအောက်မှ တည်ဆောက်ထားသော ဆဋ္ဌမမြောက် စစ်ရေယာဉ်တစ်စီးလည်းဖြစ်ပြီး ရုရှားရေတပ်၊ ပစိဖိတ်စစ်ရေယာဉ်စု၌ ၂၀၂၆ ခုနှစ်တွင် တပ်တော်ဝင်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

"ဒီလို ကြီးကျယ်ခမ်းနားတဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ်မျိုးမှာ ရုရှားရေတပ်၊ တပ်ဖွဲ့ဝင်တွေအားလုံးနဲ့ သင်္ဘောတည်ဆောက်သူတွေအားလုံးကို ချီးကျူးဂုဏ်ယူမိပါတယ်။ ယနေ့အချိန်အခါမှာတော့ Severodvinsk မြို့ သမိုင်းဝင် Sevmash သင်္ဘောကျင်းမှာ ဘက်စုံသုံး နျူကလီးယားရေငုပ်သင်္ဘောသစ် Perm ကို ရေချနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ခေတ်မီရေငုပ်သင်္ဘောဖျက်ဒုံးကျည်တွေ ဆက်တိုက် ထုတ်လုပ်နေပြီး Yasen-M စီမံကိန်းရဲ့ ပဉ္စမမြောက် နျူကလီးယားရေငုပ်သင်္ဘောလဲ ဖြစ်ပါတယ်။ နောက်နှစ်မှာ တပ်တော်ဝင်နိုင်တော့မှာဖြစ်ပြီး တိုက်ခိုက်ရေးတာဝန်တွေ စတင်ထမ်းဆောင်နိုင်တော့မှာဖြစ်ပါတယ်" ဟု ရေငုပ်သင်္ဘော ရေချသည့်အခမ်းအနား၌ ရုရှားသမ္မတ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားခဲ့သည်။

Zircon ဟိုက်ပါဆောနစ်ဒုံးကျည်သည် ပျံသန်းရာ လမ်းကြောင်းပေါ်မူတည်၍ အကွာအဝေး ကီလိုမီတာ ၅၀၀ မှ ကီလိုမီတာ ၁၀၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

အလျင်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၉၉၀၀ ပျံသန်းတိုက်ပွဲဝင်နိုင်ပြီး ကမ္ဘာပေါ်ရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်များအနေဖြင့် ကြားဖြတ်ပစ်ချရန်မဖြစ်နိုင်သည့် အလျင်နှုန်းလည်းဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် Missile Defense Advocacy Alliance (MDAA) အဖွဲ့ကြီးက ထုတ်ပြန်ပြောကြားထားသည်။

"ဒီအချက်အလက်တွေအတိုင်း မှန်ကန်တယ်ဆိုရင် Zircon ဒုံးကျည်ဟာ ကမ္ဘာပေါ်မှာ အလျင်မြန်ဆုံးဖြစ်ပြီး သူ့ရဲ့အမြန်နှုန်းတစ်ခုတည်းကြောင့် ခုခံကာကွယ်ဖို့ မဖြစ်နိုင်လောက်ပါဘူး" ဟု MDAA အဖွဲ့၏ ပြောကြားချက်များကို ကိုးကား၍ CNN သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ပျံသန်းစဉ်အတွင်း ဒုံးကျည်ကို ရေဒီယိုလှိုင်းများစုပ်ယူနိုင်သည့် ပလာစမာတိမ်တိုက် ပုံစံမျိုးဖြင့် ဖုံးအုပ်ထားကာ တစ်ဖက်ရန်သူ့ရေဒါများမှ ထောက်လှမ်းတွေ့မြင်နိုင်လိမ့်မည်မဟုတ်ကြောင်း MDAA အဖွဲ့က ပြောကြားထားသည်။

ရုရှားနိုင်ငံက တရားဝင်ဝန်ခံပြောကြားထားခြင်းမရှိသော်လည်း ယူကရိန်းနိုင်ငံ အစိုးရပိုင် Forensic သုတေသနအင်စတီကျုက အဆိုပါ Zircon ဟိုက်ပါဆောနစ် ဒုံးကျည်ကို ယူကရိန်းပဋိပက္ခတွင် အသုံးပြုခဲ့သည်ဟု အခိုင်အမာပြောကြားထားသည်။

ကီယက်ဗ်မြို့တော်အခြေစိုက် Forensic သုတေသနအင်စတီကျု၏ အဆိုအရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်က ကီယက်ဗ်မြို့ တိုက်ခိုက်ခံရမှုမှ တွေ့ရှိရသော ဒုံးကျည်အပျက်အစီးများသည် Zircon ဒုံးကျည်၏ အစိတ်အပိုင်းများဖြစ်ကြောင်း သိရသည်။

**Russia Launches Nuclear Sub With Missile 'Impossible' to Intercept ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွီဒင်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့က ယူကရိန်းကို စစ်ဘက်အကူအညီများ ထပ်မံပေးအပ်မည်



ဆွီဒင်နိုင်ငံသည် ယူကရိန်းနိုင်ငံကို ခရိုနာ ၁၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ) တန်ဖိုးရှိ စစ်ဘက်အကူအညီများ ထပ်မံပေးအပ်သွားမည်ဟု ဆွီဒင်အစိုးရက ပြောကြားပြီး ရုရှား၏ အထူးစစ်ဆင်ရေး နောက်ပိုင်းအကြီးမားဆုံး အကူအညီဖြစ်ကြောင်း The Defense Post သတင်းဌာနက မတ် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် နယ်သာလန်နိုင်ငံသည် ယူကရိန်းနိုင်ငံအတွက် ယခုနှစ်အတွင်း ယူရိုသန်း ၅၀၀ (အမေရိကန်ဒေါ်လာ ၅၄၁ သန်း)တန်ဖိုးရှိ ဒရုန်းစီမံကိန်းတစ်ခုကို ဘဏ္ဍာငွေပံ့ပိုးသွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်ကာကွယ်ရေးဝန်ကြီး Pal Jon-son က ဆွီဒင်နိုင်ငံအနေဖြင့် နယ်ပယ်စုံ ပံ့ပိုးကူညီမှုကို အားကောင်းစေရန်နှင့် တိုးမြှင့်ပေးအပ်နိုင်စေရန် ကြိုးပမ်းလာခြင်းအတွက် သတင်းစကားပေးပို့လိုခြင်းဖြစ်ကြောင်းနှင့် ယူကရိန်းနိုင်ငံ၏ အခြေအနေအပေါ် အလေးအနက်ထားမှုအရ အင်ပြည့်အားပြည့် စစ်ရေးအကူအညီသစ်များပေးအပ်နိုင်ရန် ခိုင်လုံသော အကြောင်းပြချက်များလည်း ရှိကြောင်း ပြောကြားခဲ့သည်။

ခရိုနာ ကိုးဘီလီယံရှိသော ပံ့ပိုးကူညီမှုအစီအစဉ်၏အများစုသည် အဓိကအားဖြင့် ဆွီဒင်နိုင်ငံမှသာမက ဥရောပကာကွယ်ရေး စက်မှုလုပ်ငန်းများထံမှ အသစ်ထုတ်လုပ်ထားသော စစ်လက်နက်ပစ္စည်းကိရိယာများ ဝယ်ယူရေးဆီသို့ ဦးတည်လုပ်ဆောင်သွားမည်ဖြစ်သည်။ သို့သော် အဆိုပါစစ်လက်နက်ပစ္စည်းများကို ယူကရိန်းနိုင်ငံ လိုအပ်ချက်အပေါ်မူတည်၍ ရွေးချယ်ဆုံးဖြတ်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုနာ ငါးဘီလီယံခန့်သည် ယူကရိန်းနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းနှင့် အခြားရန်ပုံငွေများဆီသို့ ဦးတည်၍ ထည့်ဝင်ပေးသွားမည်ဖြစ်ပြီး ထိုအထဲမှ သန်း ၅၀၀ ခန့်သည် ဆွီဒင်တပ်မတော်ပိုင် လက်နက်တိုက်များမှ ထုတ်နုတ်ပေးအပ်သွားမည်ဖြစ်သည်။ ဆွီဒင်ကာကွယ်ရေးဝန်ကြီး Jonson က ယူကရိန်းပဋိပက္ခသည် အရေးကြီးသောအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

"အခုတော့ ကျွန်တော်တို့ရဲ့ အာရုံစူးစိုက်မှုအားလုံးဟာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်နေစဉ်အတွင်းမှာပဲ ယူကရိန်းတွေ အင်အားကောင်းလာဖို့အတွက် တတ်နိုင်သမျှပံ့ပိုးပေးဖို့ပဲ အာရုံစိုက်ထားပါတယ်"ဟု ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ထို့ပြင် နယ်သာလန်နိုင်ငံသည် ယူကရိန်းနိုင်ငံအတွက် ယခုနှစ်အတွင်း ယူရိုသန်း ၅၀၀ တန်ဖိုးရှိ ဒရုန်းစီမံကိန်းတစ်ခုကို ဘဏ္ဍာငွေပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယူကရိန်းအတွက် စစ်ရေးအကူအညီ ယူရို နှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆ ဘီလီယံ) ခွဲဝေထားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လာမည့်နှစ်တွင်ပေးအပ်မည်ဟု စီစဉ်ထားရာမှ ယခုနှစ်အတွင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံကိုပံ့ပိုးရန် နယ်သာလန်နိုင်ငံက ကတိပေးထားသော ယူရို ၃ ဒသမ ၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၉ ဘီလီယံ)လုံးကို အမြန်ဆုံးသုံးပစ်ရမည်ဟု နယ်သာလန်ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့သည်။

"ယူကရိန်းနိုင်ငံကို ယူရို သန်း ၅၀၀ တန်ဖိုးရှိ ဒရုန်းစီမံကိန်းတစ်ခုအပါအဝင် ယူရို နှစ်ဘီလီယံထိ ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း အရေးတကြီး ထုတ်ပြန်ကြေညာသွားဖို့ရှိပါတယ်"ဟု နယ်သာလန် ကာကွယ်ရေးဝန်ကြီး Ruben Brekelmans က ယူကရိန်းခရီးစဉ် အပြီး ထုတ်ဖော်ပြောကြားခဲ့သည်။

မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများအပြင် ယခုတစ်ကြိမ်တွင် လေကြောင်းရန်ကာကွယ်ရေး၊ ခဲယမ်းများနှင့် ရေတပ်သုံး စစ်လက်နက်ပစ္စည်း ကိရိယာများ၊ နှစ်နိုင်ငံ ကာကွယ်ရေးလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန် သဘောတူညီချက်များလည်း လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Sweden Pledges $1.6B in New Military Aid to Ukraine: Govt နှင့် Netherlands Speeds Up $541 Million Drone Package for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကွင်းစလန်းပြည်နယ်တွင် မိုးရွာသွန်းမှုရပ်ဆိုင်းသွားပြီဖြစ်သော်လည်း ရေကြီးရေလျှံမှုအန္တရာယ် ရှိနေဆဲဖြစ်



**ကင်ဘာရာ မေ ၄**

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် အနောက်တောင်ဘက်ပိုင်းတွင် မိုးရွာသွန်းမှုရပ်ဆိုင်းသွားပြီဖြစ်သော်လည်း ရေကြီးရေလျှံမှု အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း သြစတြေးလျမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု မေ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးရွာသွန်းမှု ရပ်ဆိုင်းသွားပြီဖြစ်သော်လည်း ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ဧရိယာများသို့ ဖြတ်သန်းသွားလာခြင်းမပြုရန်နှင့် ရေဘေးအန္တရာယ်ကို ဆက်လက်စောင့်ကြည့် သွားရမည်ဖြစ်ကြောင်း၊ ကွင်းစလန်းပြည်နယ် နေရာတချို့၌ ရေကြီးရေလျှံမှုဖြစ်ပွားနေသော်လည်း ချန်နယ်ကန်းထရီးနယ်မြေတွင် ခြောက်သွေ့မှုနှုန်းမြင့်မားနေသည့်အတွက် ပြည်နယ်အတွင်း နေရာအလိုက် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်နေကြောင်း၊ ရေဘေးဒဏ်သင့်ဧရိယာတချို့မှ ဒေသခံများကို မေ ၂ ရက်က ရဟတ်ယာဉ်ဖြင့် အရေးပေါ်ရွှေ့ပြောင်းပေးရမှုများ ရှိခဲ့ကြောင်း သြစတြေးလျမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

"ကွင်းစလန်းပြည်နယ်အနောက်တောင်ဘက်ပိုင်းမှာတော့ မိုးရွာသွန်းမှုရပ်ဆိုင်းသွားပါပြီ။ ရေကြီးရေလျှံမှုကတော့ ဆက်လက် ဖြစ်ပွားနေဆဲပါပဲ။ အခြေအနေက ဒီထက်ပိုပြီးတော့ မဆိုးရွားလာနိုင်ပေမဲ့ ရေကြီးရေလျှံမှုက အရင်ရွာထားတဲ့ မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုအခြေအနေဟာ အန္တရာယ်ရှိနေဆဲဖြစ်ပါတယ်"ဟု သြစတြေးလျမိုးလေဝသဌာနမှ ပြောရေးဆိုခွင့်ရှိသူနာရာမိုးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ် ကောင်တီတချို့တွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် မေ ၄**

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ် ကောင်တီတချို့တွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း အလာဘားမားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၃ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။



အဆိုပါ ကောင်တီတချို့တွင် ဖြစ်ပေါ်နေသည့် မိုးခေါင်မှုသည် ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်နေခြင်းဖြစ်သကဲ့သို့ အလာဘားမားပြည်နယ်၏ ထက်ဝက်ခန့်ဧရိယာမှာ ရာသီဥတုဖောက်ပြန်မှုပြဿနာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ မိုးခေါင်မှုပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အခက်တွေ့နေပြီး မွေးမြူရေး လုပ်ငန်းများလည်း အခက်တွေ့နေကြောင်း အလာဘားမား စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းကော်မရှင်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အလာဘားမားပြည်နယ်ရဲ့ ဧရိယာ ထက်ဝက်လောက်မှာ မိုးခေါင်မှုတွေ ဖြစ်ပေါ်နေတယ်။ ကောင်တီပေါင်း ၂၀ လောက်ရှိတယ်။ မိုးခေါင်မှုတွေဟာ ၂၀၂၅ ခုနှစ်အတွင်းပိုပြီးတော့ဆိုးရွားလာနိုင်ပါတယ်"ဟု U.S. Drought Monitor က စောင့်ကြည့်တိုင်းတာမှုများအရ သတိပေးချက် ထုတ်ပြန်ခဲ့သည်။

U.S. Drought Monitorက လည်း အလာဘားမားပြည်နယ်တွင် ဖြစ်ပေါ်နေသည့် မိုးခေါင်မှုအခြေအနေကို စောင့်ကြည့်လျက်ရှိနေသကဲ့သို့ ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်မှုကြောင့် သောက်သုံးရေခက်ခဲသည့် ပြဿနာမှာ ယခင်နှစ်များကထက် ပိုမိုဆိုးရွားနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

Ref : Sputnik News

Trs : Sai Sat

# တောင်ကိုရီးယားနိုင်ငံ တောမီးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းအလှူရှင်များထံမှ လှူဒါန်းငွေ ဝမ် ၈၄ ဘီလီယံကျော်ရရှိ

**ဆိုးလ် မေ ၄**

တောင်ကိုရီးယား တောမီးအန္တရာယ်နှင့်ပတ်သက်ပြီး ကူညီပံ့ပိုးရေးအတွက် Hope Bridge Korea Disaster Relief Association အဖွဲ့အစည်းက ဦးဆောင်၍ ပြည်တွင်း အလှူရှင်များထံမှ အလှူငွေကောက်ခံခဲ့ရာ လှူဒါန်းငွေ ဝမ် ၈၄ ဘီလီယံကျော် ရရှိခဲ့ပြီဖြစ်ကြောင်း Hope Bridge Korea Disaster Relief Association က ထုတ်ပြန်ခဲ့သည်ဟု မေ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ ဂျောင်ဆန်စီရင်စုအနီးတွင် မတ် ၂၂ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် နေအိမ်ပေါင်း ၄၀၀၀ ကျော်၊ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံ ၃၂ လုံး၊ စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်း ၂၀၀၀ ကျော်ထိ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အဆိုးရွားဆုံးအနေဖြင့် ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူ ၇၅ ဦးထိရှိခဲ့ကြောင်း၊ တောမီးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ဒေသပေါင်း ၁၁ ခုထိရှိနေပြီး ဒေသခံများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း Hope Bridge Korea Disaster Relief Association က ထုတ်ပြန်ခဲ့သည်။

"တောမီးဒဏ်သင့် ပြည်သူတွေအတွက် ပြည်တွင်းအလှူရှင်တွေရဲ့စုစုပေါင်း အလှူငွေ ဝမ် ၈၄ ဘီလီယံကျော်သွားပါပြီ။ ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ထိထိရောက်ရောက်အသုံးပြုပေးသွားပါမယ်"ဟု Hope Bridge Korea Disaster Relief Association မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဖြိတိသျှကိုလံဘီယာပြည်နယ်တွင် ဧပြီလမှစ၍ တောမီးလောင်ကျွမ်းသည့် ရာသီအဖြစ် တရားဝင်သတ်မှတ်ထား

**အော့တဝါ မေ ၄**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ဧပြီလမှစတင်၍ နှစ်စဉ် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လေ့ရှိသဖြင့် နော့ဝက်စ် မီးသတ်စင်တာ(NFC) က ဧပြီလမှစ၍ တောမီးလောင်ကျွမ်းသည့်ရာသီအဖြစ် တရားဝင်သတ်မှတ်ထားကြောင်း မေ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်၏ ၂၀၂၅ ခုနှစ် တောမီးရာသီတွင် သဘာဝအလျောက် လောင်ကျွမ်းမှုများထက် မီးပေါ့ဆမှုများကြောင့် တောမီး လောင်ကျွမ်းမှုပိုများနေကြောင်း၊ ဗြိတိသျှကိုလံဘီယာပြည်နယ်အတွင်း နေထိုင်သောပြည်သူများကို မီးမပေါ့ဆရန်အတွက် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးမြေနေရာရှင်းလင်းရာတွင် မီးရှို့ရှင်းလင်းခြင်းနည်းလမ်းကို အသုံးမပြုရန်လည်း NFC က သတိပေးချက် ထုတ်ပြန်ခဲ့သည်။


"ရာသီဥတု ပြောင်းလဲမှုကြောင့် ဆီးနှင်းတွေအရည်ပျော်ကုန်ပြီ။ ခြောက်သွေ့ကာလရောက်လာပြီ။ ဗြိတိသျှကိုလံဘီယာပြည်နယ်အတွက် တောမီးရာသီစတင်ပြီဖြစ်ကြောင်း ပြည်သူတွေကို အသိပေးအပ်ပါတယ်။ ဒီနှစ်တောမီးရာသီမှာတော့ သဘာဝအလျောက် လောင်ကျွမ်းတာမျိုးထက် မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းတာက ပိုများလိမ့်မယ်။ ဒါကြောင့် မီးမပေါ့ဆကြဖို့ အထူးသတိပေးအပ်ပါတယ်။ တောမီးရာသီ စတင်လာပြီဖြစ်တဲ့အတွက် အဆောက်အအုံဘေးတွေမှာမီးရှို့တာတွေမလုပ်ကြဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က အဆောက်အအုံဘေးက အမှိုက်သရိုက်တွေ၊ ချုံနွယ်တွေကိုရှင်းလင်းထားပါ။ စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးမြေတွေကို ရှင်းလင်းရာမှာ မီးရှို့ရှင်းလင်းတဲ့နည်းလမ်းတွေကို အသုံးမပြုကြဖို့ သတိပေးလိုပါတယ်"ဟု NFC မှ ပြောရေးဆိုခွင့်ရှိသူ မော်ဂန်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## လျှောင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်လျှောင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။လျှောင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



# တနင်္ဂနွေနေ့ညမှာ ကစားမဲ့ပွဲစဉ်တွေထဲက ဥရောပဝင်ခွင့်နဲ့ တန်းမဆင်းရဖို့ကြိုးစားနေတဲ့ ဘီလ်ဘာအိုအသင်း၊ ရိုးမားအသင်း၊ စပါးအသင်းတို့ကို အားပေးရမှာပါ

M L




တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာတော့ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညမှာတော့ လာလီဂါက ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ ဗီလာရီးရဲလ်၊ ဗလင်စီယာ၊ ပြင်သစ်လီဂူးက မိုနာကို၊ ဘရက်စ်၊ ရင်းနက်စ်၊ ပီအက်စ်ဂျီ၊ ဘွန်ဒက်လီဂါက ဖရန့်ဖတ်၊ ဒေါ့မွန်၊ စီးရီးအေက အင်တာမီလန်၊ ဖီအိုရင်တီးနား၊ ရိုးမားတို့လို အသင်းကြီးတွေရလဒ်ကောင်းခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ အသင်းကြီးတွေကလဲ ဥရောပဝင်ခွင့်အတွက် ရုန်းကန်နေရသလို အသင်းငယ်တွေကလဲ တန်းမဆင်းရဖို့ ကြိုးပမ်းနေရတာကြောင့် အသင်းကြီးအသင်းငယ် ထည့်တွက်မရတာကို တွေ့ရမှာပါ။ ဒါကြောင့် ဒီတစ်ပတ်မှာလဲ ရမှတ်လိုအပ်ချက်ရှိနေပြီး တန်းဆင်းဇုန်နဲ့ ဥရောပဝင်ခွင့်ရဖို့ ကြိုးပမ်းနေရတဲ့ အသင်းတွေကိုသာ ဆက်လက်အားပေးရမှာပါ။

**ဘီလ်ဘာအိုအသင်းကို ရွေးချယ်ရမှာပါ**

လာလီဂါပွဲစဉ် (၃၀) မှာအကြိုက်တွေ့မိတာကတော့ ဗီလာရီးရဲလ်အသင်းနဲ့ ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ ဘီလ်ဘာအိုက အိမ်ကွင်းအားသာချက်နဲ့ကစားခဲ့ရတာကြောင့် ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုပိုလုပ်နိုင်ခဲ့လို့ ပထမပိုင်းမှာ ပါရီဒက်စ်က တစ်ဂိုး၊ အီနာကီဝီလျံက ဒုတိယပိုင်း တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဗီလာရီးရဲလ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဂီတာဖေးကို ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့ပေမဲ့ ဂိုးပေါက်ကန်သွင်းမှု သုံးကြိမ်မှာ နှစ်ကြိမ်ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သလို ပြိုင်ဘက်ရဲ့ ခြိမ်းခြောက်မှုတွေကိုလဲ အကောင်းဆုံးကာကွယ်နိုင်ခဲ့လို နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ တိုက်စစ်က ဆိုးလော့နဲ့ ဂိုးသမားဂျော်ဂျန်ဆန်တို့လို ကစားသမားတွေ ထွက်ခွာသွားချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်ခဲ့ရပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာတော့ ခံစစ်အားနည်းတဲ့အသင်းတွေကို နိုင်ပွဲရခဲ့လို့ အဆင့်(၅) ထိရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ တိုက်စစ်ကစားပုံအားနည်းသွားတာကြောင့် အဲ့ဒီပွဲတွေမှာ ငါးဂိုးသာသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းကတော့ ပွဲတိုင်းပေးဂိုးရှိခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် ဗီလာရီးရဲလ်အသင်းဟာ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးတာကြောင့် အခုပွဲမှာ တောင်ပံတိုက်စစ်အားကောင်းတဲ့ ဘီလ်ဘာအိုကို တားဆီးဖို့ ခက်ခဲမှာသေချာပါတယ်။

ဘီလ်ဘာအိုအသင်းဟာ အခုရာသီမှာ နစ်ကိုးဝီလျံနဲ့ အီနာကီဝီလျံတို့အတွဲ ခြေစွမ်းပြသနိုင်ခဲ့လို့ ၂၉ ပွဲအပြီးမှာ ရမှတ် ၅၃ မှတ်ထိရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အဆင့်(၄) မှာရောက်နေပေမဲ့ အဆင့်(၅) က ဗီလာရီးရဲလ်နဲ့ ကစားရမှာဖြစ်လို့ အခုပွဲကို နိုင်ပွဲရမှသာ ချန်ပီယံလိဂ်ဝင်ခွင့် သေချာမှာကိုတွေ့ရမှာပါ။ ဘီလ်ဘာအိုအသင်းဟာ နောက်ဆုံးငါးပွဲမှာ ရိုးမားအသင်းကိုရှုံးခဲ့ပြီး ကျန်ပွဲတွေမှာတော့ ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အိုဆာဆူနာနဲ့ပွဲစဉ်မှာတော့ အထောင်တိုက်စစ်ပိုင်းမှာ ဂူရူဇီတာကို အနားပေးခဲ့တာကြောင့် တောင်ပံက နစ်ကိုးဝီလျံနဲ့ အီနာကီဝီလျံတို့ ဖန်တီးမှုတွေ လုပ်နိုင်ခဲ့ပေမဲ့ ဂိုးရဖို့ ခက်ခဲခဲ့ပြီး ပြိုင်ဘက်ဂိုးသမား ဖာနန်ဒက်ဇ်ကလဲ ကာကွယ်မှုတွေပြုလုပ်နိုင်ခဲ့လို့ ရမှတ်ခွဲပေးလိုက်ရတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၂၉ ပွဲမှာ ဘီလ်ဘာအိုက အသာရခဲ့သလို အိမ်ကွင်းမှာ ဗီလာရီးရဲလ်ကို ဧည့်ခံကစားရတဲ့ နောက်ဆုံးခြောက်ပွဲဆက်မှာ ရှုံးပွဲမရှိခဲ့လို အခုပွဲမှာ ဘီလ်ဘာအိုအသင်းကို ရွေးချယ်ရမှာပါ။

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဗီလာရီးရဲလ် | ၁ - ၁ | ဗလင်စီယာ |
| ဗယ်လ်ကာနို | ၀ - ၁ | ဗီလာရီးရဲလ် |
| အလာဗက် | ၁ - ၀ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၁ - ၂ | ရီးရဲလ်မက်ဒရစ် |
| ဂီတာဖေး | ၁ - ၂ | ဗီလာရီးရဲလ် |

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ရိုးမား | ၂ - ၁ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၁ - ၁ | မာယော့ကာ |
| ဘီလ်ဘာအို | ၃ - ၁ | ရိုးမား |
| ဆီဗီလာ | ၀ - ၁ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၀ - ၀ | ဆိုဆာဆူနာ |

**ရိုးမားအသင်းနဲ့ လက်တွဲရမှာပါ**

အီတလီစီးရီးအေပွဲစဉ် (၃၁) မှာအကြိုက်တွေ့မိတာကတော့ ရိုးမားအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းအနေနဲ့ နည်းပြသစ် ရာနီရေးရီလက်ထက်မှာ အသင်းလိုက်ကစားပုံတိုးတက်လာတာကြောင့် ၂၀၂၅ ခုနှစ်အတွင်း ကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်တွေမှာ ရှုံးပွဲမရှိကစားခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းက ဖလားပွဲစဉ်တွေမှာ အေစီမီလန်နဲ့ ဥရောပပြိုင်ပွဲမှာ ဘီလ်ဘာအိုအသင်းတို့ကိုရှုံးခဲ့တာကလွဲရင် ကျန်ပွဲတွေမှာ ရလဒ်ကောင်းခဲ့တယ်လို့ဆိုရမှာပါ။ လက်ရှိ ပွဲစဉ် ၃၀ ကစားအပြီးမှာ အဆင့်(၆) မှာ ရမှတ် ၅၂ မှတ်ရခဲ့တာကြောင့် အဆင့်(၄) က ဘိုလော့နာနဲ့ ရမှတ်လေးမှတ်ပဲ ကွာဟနေတာကို တွေ့ရမှာပါ။ လက်ရှိမှာ တိုက်စစ်က ဒိုင်ဘာလာ ဒဏ်ရာရနေပေမဲ့ ဒိုဘိခ်၊ ပယ်လီဂရီနီ၊ ဆူလီတို့ရှိနေတာဖြစ်လို့ တိုက်စစ်ကစားပုံကျဆင်းသွားမှာမဟုတ်သလို ခံစစ်ကလဲ အန်ဒစ်ကာ၊ ဟမ်းမဲလ်၊ မန်စီနီတို့လို ကစားသမားတွေ ပါဝင်နိုင်မှာဖြစ်လို့ ဂျူဗင်တပ်ကို ဖိအားပေးကစားသွားနိုင်မှာပါ။

ဂျူဗင်တပ်အသင်းဟာ နည်းပြမော့တာလက်အောက်မှာ ခံစစ်ကစားပုံကောင်းခဲ့ပေမဲ့ တိုက်စစ်ပိုင်း ဂိုးရဖို့ ရုန်းကန်ခဲ့ရတာကြောင့် အမှတ်ပေးပွဲစဉ် ၃၀ ကစားအပြီးမှာ ၁၃ ပွဲထိ သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ဖီအိုရင်တီးနားကို သုံးဂိုးပြတ်ရှုံးနိမ့်ပြီးနောက်ပိုင်း နည်းပြ မော့တာကိုထုတ်ပယ်ပြီး နည်းပြတူဒေါနဲ့ အစားထိုးခဲ့တာဖြစ်ပါတယ်။ နည်းပြတူဒေါအနေနဲ့ ကစားပုံနဲ့ နည်းစနစ်ပိုင်း ပြောင်းလဲခဲ့တာကြောင့် ပြီးခဲ့တဲ့ပထမဆုံးပွဲမှာ ဂျီနိုအာကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ တိုက်စစ်ကို ဦးဆောင်နေတဲ့ ဗလာဟိုဗစ်၊ ကူမိုင်နာ၊ ရဲလ်ဒိဇ်တို့ကလဲ ပုံမှန်ဂိုးသွင်းခြေစွမ်းရဖို့ကြိုးပမ်းနေရပြီး ရိုးမားခံစစ်ကလဲ အိမ်ကွင်းမှာဆို ခြေစွမ်းထက်မြက်တဲ့အသင်းတွေကိုတောင် ထိန်းချုပ် ကစားနိုင်ခဲ့တာကြောင့် အခုပွဲမှာ ရိုးမားအသင်းနဲ့ လက်တွဲရမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ရိုးမား | ၂ - ၁ | ဘီလ်ဘာအို |
| အမ်ပိုလီ | ၀ - ၁ | ရိုးမား |
| ဘီလ်ဘာအို | ၃ - ၁ | ရိုးမား |
| ရိုးမား | ၁ - ၀ | ကက်ဂလီယာရီ |
| လက်ချီ | ၀ - ၁ | ရိုးမား |

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဂျူဗင်တပ် | ၁ - ၁ | အမ်ပိုလီ |
| ဂျူဗင်တပ် | ၂ - ၀ | ဗီရိုနာ |
| ဂျူဗင်တပ် | ၀ - ၄ | အတ္တလန်တာ |
| ဖီအိုရင်တီးနား | ၃ - ၀ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ - ၀ | ဂျီနိုအာ |

**စပါးအသင်း အနိုင်ရမှာပါ**

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ စပါးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ တစ်ပွဲသာ အနိုင်ရခဲ့ပြီး ရလဒ်ပိုင်းကျဆင်းနေတာကိုတွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ၂၉ ပွဲအပြီးမှာတော့ ရမှတ် ၃၄ မှတ်သာရခဲ့တာကြောင့် အဆင့်(၁၄) ရောက်ရှိနေပြီး အဆိုးရွားဆုံး ဘောလုံးရာသီနဲ့ ရင်ဆိုင်နေတာဖြစ်ပါတယ်။ နည်းပြပိုစတီကိုဂလူကတော့ တိုက်စစ်အားပြုကစားနေပေမဲ့ တိုက်စစ်မှူး ဆိုလန်ကီ၊ ရစ်ချာလီဆန်၊ မက်ဒီဆင်တို့ ဒဏ်ရာရချိန်မှာ ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး ခံစစ်ပိုင်းကလဲ ဒန်ဆို၊ ဒရာဂူဆင်၊ ဗန်ဒီဗန်၊ ရိုမီယို၊ ဒေးဗစ်တို့ ဒဏ်ရာရသွားတာကြောင့် ကစားပုံကျဆင်းသွားပြီး ရလဒ်ပိုင်းတွေဆိုးရွားခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ ရစ်ချာလီဆန်၊ ဒရာဂူဆင်၊ ဒန်ဆို၊ ကူလူဆက်စကီးတို့ကလွဲရင် ကျန်ကစားသမားတွေ ပါဝင်နိုင်မှာဖြစ်လို့ ဆောက်သမ်တန်လို အသင်းကိုဖိအားပေးနိုင်မှာ သေချာပါတယ်။ စပါးအသင်းဟာ ပထမအကျော့မှာလဲ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဆောက်သမ်တန်ကို ငါးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကြောင့် အခုပွဲမှာလဲ ဆောက်သမ်တန် ခံစစ်ပိုင်းအနေနဲ့ ဆွန်ဟောင်မင်၊ ဆိုလန်ကီ၊ ဂျွန်ဆင်တို့တိုက်စစ်အတွဲကို ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။

ဆောက်သမ်တန်အသင်းဟာ အခုရာသီမှ တန်းတက်လာခဲ့ပေမဲ့ စုဖွဲ့မှုအားနည်းချက်ကြောင့် ပွဲစဉ် ၃၀ အပြီးမှာ နှစ်ပွဲသာ အနိုင်ရခဲ့သလို တိုက်စစ်က သွင်းဂိုး ၂၂ ဂိုးနဲ့ ခံစစ်က ပေးဂိုး ၇၁ ဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ ခံစစ်ပိုင်းက ပေးဂိုး ၇၁ ဂိုးနဲ့ ပေးဂိုးအများဆုံး အသင်းဖြစ်နေသလို ရမှတ် ၁၀ မှတ်သာရရှိသေးတာကြောင့် ဇယားအောက်ဆုံးမှာရောက်နေပြီး တန်းဆင်းရဖို့ သေချာနေတာဖြစ်ပါတယ်။ နည်းပြသစ် ဂျူရစ်လက်ထက်မှာလဲ အသင်းတိုက်စစ်ပိုင်းအနေနဲ့ တိုးတက်လာခြင်းမရှိဘဲ နည်းစနစ်ပိုင်းအားနည်းချက်နဲ့ ကစားသမားတွေရဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်နည်းပါးမှုတွေက အသင်းရလဒ်ကို ပြောင်းလဲနိုင်ခြင်းမရှိတော့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အသင်းကြီးတွေနဲ့ဆို နောက်တန်းလေးယောက်နဲ့ကစားခဲ့ပြီး ခြေရည်တူ အသင်းတွေကိုတော့ နောက်တန်းသုံးယောက် ထားကစားနေတာဖြစ်လို့ အခုပွဲမှာ စပါးအသင်းကို ခံစစ်အားပြုယှဉ်ပြိုင်လာမှာ သေချာပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုအကြိမ် ၃၀ မှာလဲ စပါးအသင်းက ၁၆ ပွဲနိုင်၊ ငါးပွဲသရေ၊ လေးပွဲသာရှုံးခဲ့ပြီး အသာရခဲ့တာကြောင့် အခုပွဲမှာလဲ စပါးအသင်းရဲ့ သွင်းဂိုးတွေကို ရေတွက်ရမှာဖြစ်လို့ စပါးအသင်းအနိုင်ရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| စပါး | ၀ - ၁ | မန်စီးတီး |
| အယ်ခမာ | ၁ - ၀ | စပါး |
| စပါး | ၂ - ၂ | ဘုန်းမောက် |
| စပါး | ၃ - ၁ | အယ်ခမာ |
| ဖူလ်ဟမ် | ၂ - ၀ | စပါး |

**ဆောက်သမ်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဆောက်သမ်တန် | ၀ - ၄ | ဘရိုက်တန် |
| ချဲလ်ဆီး | ၄ - ၀ | ဆောက်သမ်တန် |
| လီဗာပူး | ၃ - ၁ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၁ - ၂ | ဝုဗ် |
| ဆောက်သမ်တန် | ၁ - ၁ | ပဲလေ့စ် |




အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၅၁၀၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းငွေဖြည့်သွင်းခြင်း
- ငွေထွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေထွန်းလိုင်းထိုးခြင်း




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


# ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁/၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းများ၊ တပ်မတော်ပညာရေးကျောင်းများ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ၄ ခွဲတို့အတွက် လိုအပ်သော ဆက်တင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဖျော်ဖြေရေးဆိုင်ရာပစ္စည်းများ၊ ဝတ်စုံပိုင်းဆိုင်ရာပစ္စည်းများ၊ ဇာတ်စင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွံနှင့်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ သင်ထောက်ကူဆိုင်ရာပစ္စည်းများ၊ တူရိယာပစ္စည်းများအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၂၂-၄-၂၀၂၅ ရက် နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းရာတွင် တင်သွင်းသူများအနေဖြင့် တောင်းခံလွှာတစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၃၂-၃၀၂၆၉၊ ၀၃၁-၇၄၀၂၀၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၂၇၄၊ ၀၃၃-၇၂၇၈၁၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မွေးသက္ကရာဇ်အမှန်


နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပညာရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဦးခင်မောင်လွင်၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်အရ ၂၁-၅-၁၉၆၄ ဖြစ်ပါကြောင်း။ ဦးခင်မောင်လွင်(၂၁-၅-၁၉၆၄)

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ လေးအိမ်တန်းကျေးရွာနေ (ဘ) ဦးသန်းရွှေ၏ သားဖြစ်သူ မောင်လှဝင်းထွန်း(၉/မခန(နိုင်)၂၀၆၆၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၀၀၇၃၃၆၃


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ သွေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ်၊ နှပ်၊ နာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူပါစီမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်မြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm


**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်အားလုံးအနေဖြင့် “အတ္တနှင့် ပရ” မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E.Mr.Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဧပြီ ၄

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကို မိမိနှင့် အိန္ဒိယပြည်သူများအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မိမိတို့ ဂူဂျာရက်ပြည်နယ်၌လည်း ယခင်က ထိုကဲ့သို့ ပြင်းထန်သည့်လျှင်ကို ထိခိုက်ခံစားခဲ့ရဖူးကြောင်း၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီများကို မိမိတို့အနေဖြင့် ဆက်လက် ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုဘင်းမ်စတက်အစည်းအဝေးတွင်

စာမျက်နှာ ၂၂ ကော်လံ ၁☆

